http://www.dhammadownload.com



# ပုညာရာမဆရာတော် အရှင်ပုညာနန္ဒ၏ ထေရုပ္ပတ္တိအကျဉ်းချုပ်

ပုညာရာမဆရာတော် အရှင်ပုညာနန္ဒ အလောင်းလျာကို ပဲခူးတိုင်း၊ ကဝမြို့နယ်၊ ရှမ်းကန်ကျေးရွာ၌ ခမည်းတော် ဦးဘိုးလု၊ မယ်တော် ဒေါ်ခင်စီတို့က ကောဇာသက္ကရာဇ် ၁၃၂၁ - ခုနှစ်၊ တော်သလင်းလပြည့်ကျော် (၁) ရက်၊ ၁၇.၉.၁၉၅၉ ခုနှစ်၊ ကြာသပတေးနေ့တွင် မီးရှူးသန့်စင် ဖွားမြင်တော်မူခဲ့ပါသည်။ ငယ်နာမည်မှာ မောင်မြင့်ဇော် ဖြစ်၍ မောင်နှစ်မ (၇) ယောက် တို့တွင် သားဦးရတနာ ဖြစ်ပါသည်။

အရှင်ပုညာနန္ဒ အလောင်းလျာသည် စေတ်ပညာကို ရှမ်းကန်ကျေးရွာ၌လည်းကောင်း၊ ကဝမြို့နယ်၊ မကြက်ကြီးကျေးရွာ၌လည်းကောင်း၊ ရန်ကုန်မြို့ တာမွေ အမှတ် (၁) အထက်တန်းကျောင်း၌လည်းကောင်း အသီးသီး ဆည်းပူးသင်ယူ အောင်မြင်ခဲ့၍ တပ်မတော် (လေ) ၌ ၁၂ - နှစ်ကြာမျှ တာဝန်ထမ်းဆောင်ခဲ့ပြီး လုပ်သားကောလိပ်၌ တတိယနှစ်အထိ ပညာသင်ယူခဲ့ပါသည်။

ဆရာတော် အလောင်းလျာသည် ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ဘုရားကြီး၏ အသံတော်တရားများ အမှတ် (၁) စာအုပ်ကို ဖတ်ရှုရာမှ သံဝေဂ ရရှိမှု၊ ကျေးဇူးတော်ရှင် ရွှေဥမင်ဆရာတော်ဘုရားကြီး၏ အဆုံးအမ၊ ကျေးဇူးရှင် ဖနိတာရာမဆရာတော်ဘုရား၏ လမ်းညွှန်မှုများဖြင့် ၁၃၅၃ - ခုနှစ်၊ ကဆုန်လပြည့်၊ စနေနေ့ (၂၇ - ၄ - ၁၉၉၁) ရက်နေ့ နံနက် (၈း၄၅) နာရီ အချိန်တွင် ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ်၊ ဖနိတာရာမကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဖနိတာလင်္ကာရအား ဥပဇ္ဈာယ်ပြုလျက် ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

ပဋိပတ္တိ၊ ပရိယတ္တိ အလုပ်များကို ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ်၊ ဖနိတာရာမ မိုးကုတ်ဝိပဿနာကျောင်းတိုက် ဆရာတော်ထံ၌လည်းကောင်း၊ ရွှေဥမင်တောရ ဆရာတော်ဘုရားကြီးထံ၌လည်းကောင်း၊ တောင်စွန်း မွေဒုတ ဆရာတော် ဘဒ္ဒန္တပညာဇောတ (အဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ ဝိသိဋ္ဌဒီဃ ဘာဏကနှင့် သီရိပဝရ ဓမ္မာစရိယ)၊ မုဒုံမြို့ ကျောက်တစ်လုံးတောရဆရာတော် ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသ (ပဉ္စနိကာယ ပိဋကတ္တယပါဠိပါရဂူ)၊ တောင်စွန်းမွေဒုတ တောရကျောင်း ဘဒ္ဒန္တပညိဿရ (ဓမ္မာစရိယ)၊ မော်ဘီမွေဒုတ ဇေတဝန်တောရ ဘဒ္ဒန္တဆေကိန္ဒ (ဓမ္မာစရိယ) တို့ထံ၌ ပါဠိစာပေကျမ်းဂန်များကို သင်ယူဆည်းပူးခဲ့ပါသည်။

ယခုအခါ ဆရာတော်သည် ဝိပဿနာတရားစခန်းများကို ဒေသအသီးသီးနှင့် ပြည်တွင်းပြည်ပနိုင်ငံများသို့ လှည့်လည်ဟောပြော ပြသနေစဉ် ၂၂.၁၀.၂၀၀၉ ရက်နေ့တွင် အိန္ဒိယနိုင်ငံ ပတ္တနားမြို့၌ ဘဝနတ်ထံ ပျံလွန်တော်မူခဲ့ပြီ ဖြစ်ပါသည်။

http://www.dhammadownload.com

ပုညာရာမ မိုးကုတ်ဝိပဿနာကျောင်းတိုက်
ပဓာနနာယက ဆရာတော်

# အရှင်ပုညာနန္ဒ

(ဗဟုဇနဟိတာဓရ)

ဟော ကြား တော် မူ သော

# သီလရှင် တရားတော်



http://www.dhammadownload.com

1296008

4.00

မိုးစရောင်ခြည် စာပေဂနှလုပ်ငန်း
အမှတ်(၄)၊၊ ပ ထပ်၊သိမ်ကြီးဈေး၊ စီရှံ့ ရွှေတိဂုံဘုရားလမ်း
ဖုန်း-၇၃၁၀၀၀(လိုင်းခွဲ ၃၆၄)ရန်ကုန်မြို့

http://www.dhammadownload.com

[illegible]
[illegible]
[illegible]

http://www.dhammadownload.com



# သီလရှင်တရားတော်

သာသနာတော်နှစ် ၂၅၅၃ - ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၇၁-ခု၊ တော်သလင်းလပြည့်ကျော် (၇) ရက်၊ သက္ကရာဇ် ၂၀၀၉ ခုနှစ်၊ စက်တင်ဘာလ (၁၀) ရက်၊ ရန်ကုန်တိုင်း၊ သာကေတမြို့နယ်၊ (၉)ရပ်ကွက်၊ နဝရတ်လမ်း၊ ပုညာရာမမိုးကုတ်ဝိပဿနာကျောင်းတိုက်ကြီးအတွင်းမှာ ဆင်ယင်ကျင်းပပြုလုပ်သော သတ္တမအကြိမ်မြောက် မိုးကုတ်ဝိပဿနာ ရက်ရှည်ရက် (၁၀၀) အထူးတရားစခန်း၊ ( ၇၃ ) ရက်မြောက်နေ့၊ ဘုရားအမှူးရှိတဲ့ သံဃာတော်အရှင်မြတ်များကို အမှူးထားပြီးတော့ သံဃာ့ဂုဏ်ကို အာရုံပြုလို့ တရားဝင်တရားအားထုတ်ကြတဲ့ ယောဂီသူတော်စင်တွေကို ယနေ့ အရုဏ်ဆွမ်းတွေ၊ နေ့ဆွမ်းတွေကို တစ်နေ့တာလုံး တာဝန်ယူပြီးတော့၊ ပြည့်ပြည့်စုံစုံနဲ့ လိုလေသေးမရှိ လှူဒါန်းပေးကြတဲ့ အလှူရှင်တွေကတော့ ရန်ကုန်၊ ပုဇွန်တောင်၊ ရေကျော်လမ်းမှာ နေထိုင်ကြတဲ့ ဦးမြသိန်း+ဒေါ်စန်းမြင့်၊ သမီး-မအေးအေးသွယ် (မိသားစု) တို့က မအေးအေးသွယ်၏ (၃၁)နှစ်ပြည့် မွေးနေ့ကို အကြောင်းပြုပြီးတော့ သာသနာ့အနွယ်ဝင် သီလရှင်ဝတ်ပွဲကိုလည်းပဲ ကောင်းစွာပြုလုပ်ပြီး ပြည့်ပြည့်စုံစုံလှူဒါန်းပေးတဲ့ ကုသိုလ်ပွဲမှာ အနုမောဒနာတရားအနေနဲ့ ဟောကြားအပ်သော " သီလရှင် " တရားတော်။

ဒီတရားတော်ကို မဟောကြ မနာကြမီ မူလတရားပိုင်ရှင် ဖြစ်တော်မူသော မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးကို နမောပြန် ဘုရားရှိခိုးနဲ့ ရှိခိုးကြည်ညိုပါ့မယ်။ လေးလေးစားစား လက်အုပ်ချီမိုးလို့ အာရုံပြုထားကြပါ။

http://www.dhammadownload.com



## " နမောမြန်ဘုရားရှိခိုး "

## ( နမောတဿ ယတော မဟိမတော ယဿ တမောန )[၁]

**ယတောမဟိမတော** - အကြင်ဒါနပါရမီ သီလပါရမီ နိက္ခမပါရမီ ပညာ ပါရမီ ဝီရိယပါရမီ ခန္တီပါရမီ သစ္စာပါရမီ အဓိဋ္ဌာနပါရမီ မေတ္တာ ပါရမီ ဥပေက္ခာ ပါရမီတည်းဟူသော ပါရမီဆယ်ပါး အပြားသုံးဆယ် များ ကျယ်အညီ ပါရမီတော်တို့ကို ဖြည့်ကျင့်တော်မူခဲ့သော တန်ခိုး သိဒ္ဓိအစွမ်း ကြောင့် ( ဝါ ) ဥစ္စာပစ္စည်းကိုစွန့်ခြင်း သမီးသားကိုစွန့်ခြင်း ဇနီး မယားကို စွန့်ခြင်း အင်္ဂါကြီးငယ်ကို စွန့်ခြင်း အသက်ကိုစွန့်ခြင်းတည်းဟူသော စွန့်ခြင်း ကြီး ငါးပါးကို စွန့်ခြင်းတည်းဟူသော တန်ခိုးသိဒ္ဓိအစွမ်းကြောင့် (ဝါ) သတ္တဝါ အပေါင်း၏အကျိုးငှာ ဖြည့်ကျင့်တော်မူခြင်း ဆွေမျိုးအပေါင်း၏ အကျိုးငှာ ဖြည့်ကျင့်တော်မူခြင်း ဘုရားအဖြစ်၏အကျိုးငှာ ဖြည့်ကျင့်တော်မူခြင်းတည်း ဟူသော စရိယသုံးပါးကို ဖြည့်ကျင့်တော်မူခဲ့သော တန်ခိုးသိဒ္ဓိအစွမ်းကြောင့် (ဝါ) ဒေဝပုတ္တမာရ် ကိလေသမာရ် ခန္ဓမာရ် မစ္စုမာရ် အဘိသင်္ခါရမာရ်တည်း ဟူသော မာရ်ငါးပါးကို အောင်မြင်တော်မူခဲ့သော တန်ခိုးသိဒ္ဓိအစွမ်းကြောင့် (ဝါ) သုံးပါဝိဇ္ဇာ ပု-ဒိ-အာနှင့် ဝိမာက္ကစွေ ဒိဋ္ဌထည့်လေငြား ရှစ်ပါးဝိဇ္ဇာတို့ကို သိမြင်တော်မူခဲ့သော တန်ခိုး သိဒ္ဓိအစွမ်းကြောင့် (ဝါ) မဟာပဓာန ဒုက္ကရ စရိယာကို ခန္ဓာတော်နွမ်းပင်ပန်းကြီးစွာ ခြောက်နှစ်ကြာအောင် ကျင့်စွမ်း တော်မူခဲ့သော တန်ခိုးသိဒ္ဓိအစွမ်းကြောင့်။

**ယဿဗုဒ္ဓဿ** - တန်ခိုးရှင်သိဒ္ဓိရှင် အကြင်သစ္စာလေးပါး တရား သိမြင် ဘုရားရှင်ကိုယ်တော်မြတ်ကြီး သန္တာန်တော်၌။

**တမော** - အဝိဇ္ဇာလျှင် အရင်းမူလရှိသော တစ်ထောင့်ငါးရာ ကိလေ သာတည်းဟူသော အမိုက်မှောင်သည်။

http://www.dhammadownload.com



န - မကျန်မကြွင်း ပျက်ခြင်းမလှ ပျက်စီးရသဖြင့် အလျှဉ်းမျှပင် ရှိတော်မမူတော့ချေ။

တဿ ဗုဒ္ဓဿ - တန်ခိုးရှင်သိဒ္ဓိရှင် အဝိဇ္ဇာလျှင် အရင်းမူလရှိသော တစ်ထောင့်ငါးရာကိလေသာတည်းဟူသောအမိုက်မှောင်ကင်းစင် ထိုသစ္စာလေးပါးတရားသိမြင် ဘုရားရှင်ကိုယ်တော်မြတ်ကြီးအား။

မေ - သူတော် သူမြတ် လူနှင့်နတ်တို့ ကျေနပ်ရန်မျှော် ဘုရားတပည့်တော်သည်၊

နမော - မင်္ဂလာ စရဏ လက်ဦးစ၍ ကြည်စွကော်ရော် ပူဇော်မြတ်နိုး လက်စုံမိုး၍ ရှိခိုးခြင်းသည်။

အတ္ထု - နေ့ညမစဲ အမြဲမကွာ မှန်စွာမသွေဖြစ်ပါပေ၏။

ဣမိနာ ဗုဒ္ဓ ပဏာမေန - ဤသို့ဘုရားရှင်အား ရှိခိုးကြောင်း ဖြစ်သော ပဏာမကုသိုလ် စေတနာကြောင့်။

မေ - မအောင်သေးခင် အောင်ကြွေးတင်၍ အောင်မြင်ရန်မျှော် ဘုရားတပည့်တော်၏။

ဓေါတုမ္ဘာကံ - မအောင်သေးခင် အောင်ကြွေးတင်၍ အောင်မြင်ရန်မျှော်အလှူရှင်မိသားစုအပေါင်းနှင့်တကွတရားနာပရိတ်သတ်အပေါင်းတို့၏

ယထိစ္ဆိတတ္ထော - အကြွင်အကြွင် အလိုရှိအပ် တောင့်တအပ်သည့် ကောင်းကျိုးချမ်းသာ ကျက်သရေမင်္ဂလာ အထွေထွေသည်။

ယထဇ္ဈာသယံ - အကြွင်အကြွင် အလိုရှိအပ် တောင့်တအပ်သည့် အတိုင်း။

သမိဇ္ဈတု - ထင်စွာမျက်မှောက် ဝင်လာရောက်၍ ဖြိုးမောက်လျှံညီး အံ့လောက်ချီးရအောင် ပြီးပြည့်စုံပါစေသတည်း။

( သာဓု . . . သာဓု . . . သာဓု )

http://www.dhammadownload.com



ဘုရားရှင်ကိုယ်တော်မြတ်ကြီးကို ရှိခိုးကြည်ညိုပြီးတဲ့နောက်မှာ ယနေ့ မိမိတို့ နာကြားရမယ့်တရားက " သီလရှင် "

အေး . . . ဒီတရားတော်က၊ ကိုယ်ရရှိလာတဲ့ ဟောဒီဘဝမှာ၊ တစ်နေ့ တစ်နေ့ အချိန်တွေကို ကုန်ဆုံးလာတဲ့ ဖြတ်ကျော်ခဲ့တဲ့ သက်တမ်းတစ်လျှောက် မိမိတို့ရဲ့ လူမှုဝန်းကျင်မှာ စားဝတ်နေရေးအတွက် ရုန်းကန်လှုပ်ရှား ကြိုးစားပြီးတော့ ပြေးလွှားခဲ့ရသမျှ သံသရာထဲမှာ ကြောက်စရာအကောင်းဆုံးဖြစ်တဲ့ ကိလေသာတရားတွေနဲ့ အမြဲတမ်းမိတ်ဖွဲ့ပေါင်းသင်းပြီးမှ နေခဲ့ရတာမို့လို့ တနေကုန်တနေခမ်း ကိုယ့်ရဲ့ ကာယကံ၊ ဝစီကံတွေကို သတိထားလိုက်ရင်၊ အချိန်ကုန်သွားတာနဲ့အမျှ ကာယကံတွေရဲ့ကြမ်းတမ်းမှု၊ ဝစီကံတွေရဲ့ ကြမ်းတမ်းမှုနဲ့ မိမိရဲ့မိသားစု၊ ကိုယ့်ရဲ့လူမှုဝန်းကျင်မှာနေခဲ့ရတဲ့ အနေအထားဟာ အဲဒါတွေနဲ့သာအချိန်ကုန်ရင် ကာယကံကျူးလွန်မှု၊ ဝစီကံကျူးလွန်မှုနဲ့ကိုယ့်ရဲ့ သန္တာန်ရရှိခဲ့တဲ့ ဘဝအဖိုးတန်ကို ကိလေသာတွေရဲ့ နှိပ်စက်မှုအောက်မှာနစ်မြုပ်ရတဲ့ ပုဂ္ဂိုလ်တွေက သိသာထင်ရှားလောက်အောင်ကော မရှိခဲ့ဘူးလား?

' ရှိခဲ့ပါတယ်ဘုရား '

အဲဒီပုဂ္ဂိုလ်တွေကျတော့ ကိလေသာတွေရဲ့ နှိပ်စက်မှုအောက်မှာ ကာယကံနဲ့ ကျူးလွန်ခဲ့တယ်၊ ပြုလုပ်ခဲ့တယ်၊ ဝစီကံနဲ့ ပြောဆိုခဲ့တယ်၊ ပြုလုပ်ခဲ့တယ်။ ဒါကြောင့်မို့လို့ သူတို့ရဲ့သန္တာန်မှာ ကာယကံအပြစ်တွေကြီးလာတာနဲ့အမျှ၊ ဝစီကံအပြစ်တွေများလာတာနဲ့အမျှ ကိလေသာ အကုသိုလ်တရားတွေ နေရာယူသွားရင် သီလတွေ ပျက်စီး မပျက်စီး . . .

' ပျက်စီးပါတယ်ဘုရား '

အင်း. . . သီလတွေအကုန်သေကုန်ရောနော် . . .

' မှန်လှပါဘုရား '

အေး . . . အဲဒီလိုမျိုးလည်းရှိတယ်ပေါ့၊ ဟုတ်လား . . .

' မှန်လှပါဘုရား '

http://www.dhammadownload.com



ကဲ. . . တစ်ချို့ကျတော့လည်းပဲ ကာယကံ၊ ဝစီကံအထိကိုတော့ အမြင်မကောင်းတဲ့အတွက်ကြောင့်မို့လို့ ကျူးလွန်တဲ့အထိတော့ သူတို့တွေက မဖြစ်ဘူး။ ဒါပေမယ့် ရင်ထဲမှာတော့ ဘယ်အချိန်ပဲအာရုံပြုပြု ကိုယ့်မှာက တစ်နေ့ တစ်နေ့ လုပ်ကိုင်ဆောင်ရွက်ခဲ့ရတာ၊ အာရုံအမျိုးမျိုးတွေကြောင့် ကြုံတွေ့ခဲ့ရတဲ့ အရာတွေပေါ်မှာ ကြိတ်မနိုင်ခဲမရနဲ့ စိတ်ထဲမှာ မွန်းကြပ်ပြီး ကိလေသာရဲ့ သောင်းကျန်းမှုအောက်မှာကော အနှိပ်စက်ခံရတဲ့ပုဂ္ဂိုလ်တွေ ရှိ/မရှိ . . .

' ရှိပါတယ်ဘုရား '

ကာယကံ၊ ဝစီကံနဲ့ ကျူးလွန်တဲ့ပုဂ္ဂိုလ်လည်း ရှိတယ်နော်။

' မှန်လှပါဘုရား '

ကာယကံ၊ ဝစီကံတော့ ကျူးလွန်ဖို့မဖြစ်အောင်တော့ လူမြင်မကောင်းအောင် ကိုယ်မဖြစ်ဘူး။ ဒါပေမယ့် ရင်ထဲမှာတော့ တစ်နေ့တစ်နေ့ကိလေသာရဲ့ နှိပ်စက်သောင်းကျန်းမှုကြောင့် လောင်ကျွမ်းပြီးတော့ သောင်းကျန်းသမျှကို ခံနေရလို့ ညစ်နွမ်းရတဲ့ ဒီစိတ်မှာ သီလတရားတွေ သေတာတွေကော မရှိဘူးလား?

' ရှိပါတယ်ဘုရား '

အဲ. . . သီသာထင်ရှားပြီး သီလသေတာက တစ်ပိုင်းနော်။

' မှန်လှပါဘုရား '

မိမိရဲ့ စိတ်ထဲမှာဟော့ . . . ကြိတ်မနိုင်ခဲမရနဲ့ ကာယကံအထိတော့ မကျူးလွန်မိဘူး၊ ဝစီကံအထိတော့ မကျူးလွန်မိဘူး၊ သို့သော် ကိုယ့်စိတ်ထဲမှာတော့ ပင်ပန်းဆင်းရဲနှိပ်စက်ခံပြီးတော့မှ အကုသိုလ် ကိလေသာတရားတွေရဲ့ သောင်းကျန်းမှုအောက်မှာ အမြဲတမ်းနစ်မြုပ်ပြီးတော့ ကိုယ့်ရဲ့စင်ကြယ်အောင် စောင့်ထိန်းရမယ့် သီလကုသိုလ်တွေ ပျောက်တာလည်းအများကြီးပဲနော်

' မှန်လှပါဘုရား '

http://www.dhammadownload.com



အဲဒီပုဂ္ဂိုလ်တွေကျတော့ သီလတွေ သေသွားပြန်ရော။ ဟုတ်လား. .

' မှန်လှပါဘုရား '

တစ်ချို့ကျတော့လည်းပဲ ကြိုးစားလာတဲ့အတွက်ကြောင့်မို့လို့ အခုလို ကြမ်းတမ်းကျူးလွန်တဲ့အထိလည်းမရောက်ဘူး။ သောင်းကျန်းထကြွတဲ့အပိုင်း လည်းမရောက်ဘူး။ သို့သော်လည်းပဲ ကိုယ်ကအဖက်ဖက်က ပြည့်စုံလို့ ဖြည့်ဆည်းမှုက ကောင်းနေတော့ အကြောင်းလေးမတိုက်လိုက်နဲ့ တိုက်လိုက် တာနဲ့ ရင်ထဲမှာ ငုတ်ကွယ်နေတဲ့ ကိလေသာဟာ ထလာတာပဲနော် . . .

' မှန်လှပါဘုရား '

အဲဒီလိုမျိုးကိန်းပြီးတော့နေတဲ့ ပုဂ္ဂိုလ်များဟာ အဖက်ဖက်က ပြည့်စုံ လို့ သူ့မှာ ဒေါသမဖြစ်ဘူး၊ လောဘမဖြစ်ဘူး၊ ဒါပေမယ့် ကာယကံ၊ ဝစီကံ သိမ်မွေ့ပါတယ်။ စိတ်ထဲမှာလည်းပဲ နူးညံ့တဲ့ သဘောရှိပါတယ်။ သို့သော် အကြောင်းတိုက်ဆိုင်တဲ့အခါကျတော့ ငုတ်နေတဲ့အရာက ထကြွသောင်းကျန်း လို့လည်းခံရတဲ့ပုဂ္ဂိုလ်တွေသီလပျက်စီးလောက်အောင်ကြုံတာကောမရှိဘူးလား?

' ရှိပါတယ်ဘုရား '

အင်း. . . ဒါလည်းပဲ သတိထားရမယ်နော် . . .

' မှန်လှပါဘုရား '

ဘုရားရှင်လက်ထက်ကလည်း ရှိကြတာပဲ။ အလွန်ကို ပြည့်စုံနေတဲ့ သူဌေးမမှာ သူ့ရဲ့အောက်လက်ငယ်သားလေးတွေက ပံ့ပိုးထားတဲ့အတွက် ကြောင့်မို့လို့ အရာရာသူပြည့်စုံတော့ မေတ္တာစာတ်တွေကိန်းပြီး ဒေါသဆို တာ ပေါ်ကို မပေါ်ဘူး။ အဖက်ဖက်ကပြည့်စုံ လိုလေသေးမရှိတဲ့အတွက် ကြောင့်မို့လို့ အဲသလို သိမ်မွေ့တယ်။ ပတ်ဝန်းကျင်က အို. . သိပ်မေတ္တာကြီး ပါလား ကရုဏာကြီးပါလားလို့ချီးမွမ်းတဲ့အသံတွေဟာလျှံနေတယ်။ ဒါပေမယ့် တစ်နေ့မှာ ကျွန်မလေးတစ်ယောက်က အင်း . . . အများပြောတဲ့အတိုင်း ဟုတ်လား မဟုတ်လား စမ်းကြည့်ဦးမယ်၊ နေမြင့်အောင်အိပ်လိုက်တယ်။

http://www.dhammadownload.com



နေမြင့်အောင်အိပ်လိုက်တော့ သွားပြီးတော့နိုးတယ်။ 'ဘာလို့နေမြင့်အောင် အိပ်ရတာလဲ?' နိုးရတဲ့အတွက်ကြောင့်မို့လို့ ခါတိုင်းတုန်းက ဒီလိုမဟုတ်ဘူး၊ မျက်နှာလေးတင်းလာတာကို ကျွန်မလေးသတိထားမိတယ်၊ အများသူငါတွေ ပြောတဲ့အတိုင်း မဟုတ်နိုင်ဘူးဆိုတာကို သဘောပေါက်လိုက်တယ်။

နောက်နေ့လည်းပဲ ဆက်ပြီးတော့ အိပ်နေလိုက်တယ်၊ အိပ်နေလိုက်တဲ့ အခါကျတော့ ဟော. . . ဝစီကံက နည်းနည်းလေးကြမ်းလာပြီ၊ 'ဘာလို့ ဒီလို အိပ်နေရတာလဲ?' 'ကိုယ့်အလုပ်ကိုယ်ဘာလို့မလုပ်တာလဲ?' ပြောလာတဲ့ အသံလေးက မာထန်လာတဲ့အခါ ဒေါသလေး ကိန်းမလာဘူးလား?

' ကိန်းလာပါတယ်ဘုရား '

အိုး . . . သူများတွေပြောတာ ဒေါသမရှိဘူးပြောတယ်။ ဒါပေမယ့် တို့ သူဌေးမ ဒေါသရှိနေပါလား? သိတယ်နော် . . .

' မှန်လှပါဘုရား '

အဲဒါလေးက အကြောင်းမတိုက်သေးရင်တော့ မပေါ်ဘူးပေါ့. . ဟုတ် လား၊ အခုအကြောင်းတိုက်ဆိုင်လာတော့ မပေါ်လာဘူးလား?

' ပေါ်လာပါတယ်ဘုရား '

ကဲ. . . နောက်နေ့လည်း ပေဆက်ပြီးတော့ အိပ်တယ်၊ သုံးကြိမ်သုံးခါ လောက်ဆိုတော့၊ ဟော. . သူဌေးမ သူ့ရဲ့စွမ်းအား ခံနိုင်ရည်မရှိတော့ဘူး၊ ဒီလောက်အိပ်ရမလားဆိုပြီးတော့ ရိုက်တယ်။ ဒီအချိန်အခါမှာ ခေါင်းပေါက် လောက်အောင်ဖြစ်သွားတော့၊ ပတ်ဝန်းကျင်ကိုလိုက်ပြီး ပြပြီးတော့ကို ဒေါသ မရှိဘူးဆိုတဲ့သူက အခုလိုရိုက်နှက်တယ်ဆိုပြီး ငုတ်ကွယ်နေတဲ့အနေအထား လေးတွေဟာ အကြောင်းတိုက်ဆိုင်ရင် ပေါ်ပုံလေးပေါ့နော် . . .

' မှန်လှပါဘုရား '

ဒါကို " အနုသယကိလေသာ "လို့ ခေါ်တယ် ဟုတ်လား?

' မှန်လှပါဘုရား '

http://www.dhammadownload.com



မိမိတို့ ကာယကံ၊ ဝစီကံအထိတော့ မကျူးလွန်တဲ့အရာ ကိုယ့်စိတ်ထဲမှာ သောင်းကျန်းမှုကတော့ "ပရိယုဋ္ဌာနကိလေသာ"၊ ဟောဒီမှာ ကာယကံ ဝစီကံနဲ့ လွန်ကျူးပြီဆိုရင် "ဝီတိက္ကမကိလေသာ"၊ ဟော. . . ကိလေသာ တရားတွေက အမြဲတမ်းရှိတယ်နော် . . .

' မှန်လှပါဘုရား '

အဲဒီကိလေသာတွေ နေရာယူသွားတာနဲ့ သူတော်ကောင်းတရားတွေ သေသွားတာပဲ။ ကိုယ့်ရဲ့သန္တာန် သီလတရားတွေ ပျက်စီးကုန်ပြီပေ့ါ။ ကဲ. . . ဒီတော့ ဒီကိလေသာတရားတွေကို နှိမ်နင်းဖို့အတွက် အခုလိုသာသနာတော်မှာ သာသနာ့နွယ်ဝင် သီလရှင်တွေဝတ်ကြပြီ၊ ယောဂီသူတော်စင်တွေလည်းပဲ တရားဓမ္မတွေကို ကျင့်ကြံကြိုးစားအားထုတ်ဖို့ရောက်ရှိလာကြ တရားနာကြ ကောင်းမှုကုသိုလ်တွေပြုကြ၊ အဲဒီပုဂ္ဂိုလ်တွေသည် ဟောဒီသောင်းကျန်းထကြွလာတဲ့ လွန်ကျူးမှုအဆင့်ကိုဖြစ်ပေါ်တဲ့ ကိလေသာတွေကို အရင်ဆုံး တို့တွေက နှိမ်နင်းရမယ်နော်။

' မှန်လှပါဘုရား '

ဒုတိယအနေနဲ့က ကိုယ့်စိတ်ထဲမှာ ထကြွသောင်းကျန်းတဲ့ ကိလေသာတွေကို နှိမ်နင်းရမယ်၊ တတိယက အနုသယကိန်းနေတဲ့ကိလေသာကို နှိမ်နင်းရမယ်၊ အဲလိုနှိမ်နင်းဖို့အတွက် အခုလိုသာသနာတော်မှာ ရောက်ရှိလာတဲ့ ပုဂ္ဂိုလ်တိုင်းဟာ လွတ်မြောက်ဖို့အတွက် အသီးသီး ကိုယ့်စွမ်းအားရှိသလောက် ကြိုးစားတာပဲ ဟုတ်လား?

' မှန်လှပါဘုရား '

ကဲ. . . တစ်ချို့ကလည်းပဲ အခုလိုသာသနာ့အနွယ်ဝင် သီလရှင်ဝတ်ပြီးတော့လည်း ကြိုးစားတယ်ပေ့ါ၊ ကဲ. . ဒီလိုကြိုးစားတဲ့နေရာမှာ မိမိတို့ အိမ်မှာနေသလို လူ့ဝန်းကျင်ထဲမှာ နေသလိုတော့ နေလို့ရမလား?

' မရပါဘူးဘုရား '

http://www.dhammadownload.com



ဟောဒီ ကာယကံ၊ ဝစီကံတွေကို မကျူးလွန်အောင် စောင့်ရှောက်နိုင်ဖို့သည် သီလနဲ့အရင် နှိမ်နင်းရတယ်။

' မှန်လှပါဘုရား '

ဘာနဲ့အရင်နှိမ်နင်းရ . . .

' သီလနဲ့အရင်နှိမ်နင်းရပါတယ်ဘုရား '

ကာယကံတွေ မကျူးလွန်အောင် ဝစီကံတွေ မကျူးလွန်မိအောင်သီလနဲ့အရင်နှိမ်နင်းရမယ်။ ဒါကြောင့်လည်းပဲ အခု သီလရှင်ဝတ်လိုက်တယ်၊ ဝတ်လိုက်တဲ့အတွက်ကြောင့်မို့လို့ တို့တွေက ရှစ်ပါးသီလတွေ ခံယူဆောက်တည်ပြီးတော့ သီလတွေကို စင်ကြယ်အောင်၊ ဒီသီလတွေကို ရှင်သန်အောင် မစောင့်ရှောက်၊ မထိန်းသိမ်းနိုင်ရင် အဲဒီပုဂ္ဂိုလ် သီလရှင် မဟုတ်ဘူးနော်။

' မှန်လှပါဘုရား '

သီလတရားကိုစောင့်ထိန်းတယ်၊ အဲဒီစောင့်ထိန်းတဲ့ သီလတရားကို တစ်ချို့ကလည်းပဲ တစ်ထိုင်ဥပုသ်လောက်နဲ့ ပြီးသွားတယ် ဟုတ်လား?

' မှန်လှပါဘုရား '

တစ်ချို့ကျတော့လည်းပဲ၊ ဟောဒီတရား တစ်ချိန်လေးကို အာရုံပြုတယ်၊ တစ်ချို့ကလည်းပဲ တစ်နေ့လုံးကို အာရုံပြုတယ်၊ တစ်ချို့ကလည်းပဲ ဟောဒီကျောင်းတိုက်ထဲမှာ ရှိတဲ့အချိန်လေးကိုပဲ အာရုံပြုတယ်၊ ကျောင်းတိုက်ပြင်ပရောက်သွားရင် မစောင့်တော့ဘူး၊ ဒါကော မရှိဘူးလား?

' ရှိပါတယ်ဘုရား '

ဒါဖြင့် ဘုရားရှင်လက်ထက်တုန်းက စောင့်သုံးတဲ့သီလတွေဆိုတာက မိမိတို့ ခံယူလိုက်ပြီဆိုရင် အဲဒီခံယူတဲ့သီလတွေကို အသက်နဲ့လဲပြီး စောင့်ရှောက်တဲ့ပုဂ္ဂိုလ်တွေလည်း အများကြီးပဲနော် . . .

' မှန်လှပါဘုရား '

http://www.dhammadownload.com



အဲဒါလေးကိုလည်းပဲ စောင့်တတ်အောင်ဆိုပြီး ဘုရားရှင်ကိုယ်တော်မြတ်ကြီးက တစ်နေ့ ဥပုသ်နေ့ 'ဝိသာခါ' ဒကာမကြီးက လျှောက်ထားတယ်၊ "ဘုန်းတော်ကြီးတော်မူသောမြတ်စွာဘုရား . . ယနေ့ ဥပုသ်နေ့မို့လို့ ဥပုသ်သီတင်းသီလစောင့်သုံးချင်ပါတယ်ဘုရား . . . " ဒီတော့ . . ဘုရားရှင်ကိုယ်တော်မြတ်ကြီးက အေး . . . ဥပုသ်နေ့၊ ဥပုသ်သီတင်း သီလစောင့်သုံးချင်တယ်ဆိုရင် ချစ်သမီး နွားကျောင်းသားဥပုသ် မဖြစ်စေနဲ့၊ ဘာတဲ့တုန်းဟေ့ . .

' နွားကျောင်းသားဥပုသ် မဖြစ်စေနဲ့ပါဘုရား '

နွားကျောင်းသားဥပုသ် အဲဒီတော့ နွားကျောင်းသားဥပုသ်မဖြစ်စေနဲ့ ဆိုတာက ဥပုသ်နေ့ကိုရောက်လာတဲ့ မိမိတို့တတွေ ဥပုသ်သီတင်းသီလစောင့်သုံးတယ်၊ နွားကျောင်းသားတွေဆိုတာက နွားတွေကို မောင်းထုတ်ပြီးတော့ စားကျက်မှာသွားကျောင်းတာ၊ အဲဒီစားကျက်ထဲကို နွားတွေပို့ပြီးပြီဆိုရင်တော့ သူတို့ တာဝန်ကျေပြီ၊ ဒီတော့ဘာလုပ်လဲ အရိပ်ကောင်းကောင်းမှာ သွားပြီးတော့ ကျကျနနအိပ်တာ၊ အဲလိုအိပ်ပြီးတော့အခါကျတော့လည်းပဲ နိုးလာတော့ ဟော ရောက်လာတဲ့ နွားကျောင်းသားအချင်းချင်း ဝိုင်းစုပြီး စကားတွေပြောကြ။ ပြီးရင်လည်းပဲ တွေ့တဲ့နေရာလေးတွေမှာ အသီးလေးတွေတွေ့ပြီဆို ဘယ်ခြံပဲတွေ့တွေ့၊ ဟော . . . သွားခူးပြီးစားကြ၊ သောက်ကြ၊ အဲသလိုမျိုးနဲ့ပဲ အချိန်တွေကိုကုန်ပြီးပြန်လာ၊ အိမ်ပြန်ရောက်တော့လည်းပဲ၊ မနက်ကလုပ်ခဲ့သမျှတွေကို သူတို့ပြန်စဉ်းစားတယ်၊ ဘာတွေပြောတယ်၊ ဘယ်ခြံမှာဘာတွေသွားပြီးတော့ ခူးပြီးစားကြတယ်။ နောက်နေ့ကျရင် ဘယ်ခြံက အသီးကကောင်းတယ်၊ ဒီလောက်ပဲတွေးတာနော် . . .

' မှန်လှပါဘုရား '

အဲဒီတော့ . . . သူတို့ တစ်နေ့တာ မကုန်သွားဘူးလား?

' ကုန်သွားပါတယ်ဘုရား '

http://www.dhammadownload.com



ဥပုသ်သီတင်းသီလစောင့်သုံးတဲ့ပုဂ္ဂိုလ်တွေကလည်းပဲ၊ အိမ်ကထွက်လာခဲ့ပြီဟော့. . ကျောင်းရောက်လာပြီ၊ ကျောင်းရောက်လာတဲ့အခါကျတော့ ဥပုသ်သီတင်းသီလစောင့်သုံး၊ သီလတရားတွေယူ၊ ယူပြီးတဲ့အခါကျတော့ ယူပြီးပြီဆိုရင် ပြီးသွားပြီ ဟုတ်လား . . . တစ်ချို့ပေါ့နော်. . .။ အဲလိုယူပြီးသွားတဲ့အခါကျတော့ ဘာလုပ်လဲ၊ ဟော. . ကောင်းတဲ့နေရာလေး၊ ချောင်ကောင်းကောင်းလေးသွားရှာ၊ ခဏလေးအမောအပန်းလေးဖြေ၊ ပါလာတာလေးတွေကိုလည်း ဝိုင်းဖွဲ့ပြီးစား၊ ပြီးတော့လည်းပဲ စကားတွေပြော၊ ကဲ. . . အချိန်လည်းကုန်ရော ပုတီးလေး လက်လေးဆွဲပြီးတော့၊ ချက်လာတဲ့ ထမင်းချိုင့်လေးတွေကို ဟန်ကျပန်ကျနဲ့ စားသောက်၊ သေချာကျနစွာ ဖီးလိမ်းပြီး ပြန်သွားကြတယ်၊ ဒါမျိုးတွေကော မရှိဘူးလား?

‘ ရှိပါတယ်ဘုရား ’

အဲဒါမျိုးကျတော့ မိမိတို့ရဲ့သန္တာန်မှာ ဟောဒီသီလတရားတွေဟာ ရှင်သန်ဖို့ မလွယ်ပါဘူး၊ လွယ်မလား?

‘ မလွယ်ပါဘူးဘုရား ’

ယနေ့ သီလတရားတွေကို လာပြီးတော့ စောင့်သုံးကြတဲ့ပုဂ္ဂိုလ်တွေ ကိုယ့်ရဲ့ ကာယကံ၊ ဝစီကံတွေက ကြမ်းတမ်းမှုအသွင်တွေကို နှိမ်နင်းဖို့အတွက် ဒီသီလတရားတွေနဲ့ အရင်ဆုံး တို့က ဆောက်တည်ပြီးတော့ ပယ်ရှင်းရမယ် ဆိုတော့ ဒီသီလကိုမှ မရှင်သန်ရင် ကာယကံရဲ့ ယဉ်ကျေးမှု မရဘူးနော်. .

‘ မှန်လှပါဘုရား ’

ဝစီကံ ယဉ်ကျေးမှုကော ရမလား?

‘မရပါဘူးဘုရား ’

ဒါဆိုရင် ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ချစ်သမီး ဝိသာခါ နွားကျောင်းသား ဥပုသ်မျိုးတော့ မစောင့်စေနဲ့၊ အရိယာတို့ရဲ့ ဥပုသ်မျိုးဖြစ်ပစေဟော့ . . . ဒါဖြင့်ရင် အရိယာတို့ ဥပုသ်ဆိုတာက . . .

http://www.dhammadownload.com



(မိမိစိတ်မှာ၊ စင်ကြယ်လာအောင်၊ အင်္ဂါရှစ်တန်၊ သီလခံ၍)[၂]

ဘာလုပ်ရမလဲ? ရှစ်ပါးသီလခံယူဆောက်တည်ရမယ်နော် . . .

' မှန်လှပါဘုရား '

အဲဒီခံယူဆောက်တည်လိုက်တဲ့အတွက်ကြောင့်မလို့ ညစ်နွမ်းနေတဲ့ စိတ်ကလေးကို စင်ကြယ်ဖို့အတွက် သီလရေထဲစိမ်လိုက်တယ်၊ တို့ရဲ့ခန္ဓာကိုယ်ကြီးက (နေ့စဉ်)[၂] စိတ်မှာ ကိလေသာတွေ သောင်းကျန်းပြီးတော့ ကာယကံတွေ လွန်ကျူးတယ်၊ ဝစီကံတွေ လွန်ကျူးတယ်၊ အပြစ်တွေ အင်မတန်များတယ်၊ ဒါကြောင့်မို့လို့ သီလတရားတွေဟာ သေကုန်တယ်ပေါ့. . .

ယနေ့ကိုယ်က ဒီစိတ်လေးကို ညစ်နွမ်းနေတာ စင်ကြယ်အောင် ဘာလုပ်မှာ. . သီလရေစင်နဲ့ ဒါသည် စိမ်လိုက်တာပဲ၊ ဟုတ်ပြီလား?

' မှန်လှပါဘုရား '

မိမိတို့က. . အဲဒီ သီလလေးစောင့်ထိန်းလိုက်တဲ့အတွက်ကြောင့်မို့လို့ ဒီသီလတရားက ကာယကံမလွန်ကျူးအောင်၊ ဝစီကံတွေမလွန်ကျူးအောင်လို့ စောင့်ရှောက်လိုက်ပြီ ဟုတ်သလား?

' မှန်လှပါဘုရား '

အဲဒါဆိုရင်. . ညစ်နွမ်းနေတဲ့ အဝတ်တစ်ခုကို ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ဥပမာပေးတယ်နော်. . . ။

' မှန်လှပါဘုရား '

ညစ်နွမ်းနေတဲ့အဝတ်တစ်ခုကို စင်ကြယ်ပြောင်အောင် ဖြူဖွေးသွားအောင်၊ လျှော်ဖွတ်ဖို့အတွက် အရင်ဆုံး ဒီအကျီ ဒီအဝတ်စကို ရေမစိမ်ကြရဘူးလား?

' စိမ်ရပါတယ်ဘုရား '

ဒါဖြင့် ရေစိမ်လိုက်ခြင်းသည် ဘာလဲမေးရင် ဟောဒီသီလတရားကို

http://www.dhammadownload.com



ခံယူဆောက်တည်တာနဲ့ တူတယ်။ သဘောပေါက်ပစေနော် . . .

'မှန်လှပါဘုရား'

တရားဓမ္မ အားထုတ်ကြတဲ့ မိမိတို့တစ်တွေ (နေ့စဉ်)၂ ကိလေသာ အညစ်အကြေးတွေက လွှမ်းခြုံပြီးတော့ ညစ်နွမ်းခဲ့သမျှကို အခုလိုသာသနာ့ နွယ်ဝင် သီလရှင်ဖြစ်အောင် ကြိုးစားလိုက်တဲ့ခဏမှာ ရှစ်ပါးသီလခံယူလိုက် ပြီ။ ဒါဖြင့် . . . ဒီသီလတရားကို ခံယူဆောက်တည်လိုက်တဲ့အတွက်ကြောင့် မို့လို့ ညစ်နွမ်းနေတဲ့စိတ်ကို စင်ကြယ်ဖို့အတွက် အခုသီလရေစင်ထဲကို စိမ် လိုက်တယ်၊ ဒီစိမ်လိုက်တဲ့ ခဏလေးမှာ ဒီတိုင်းလေးဖြူပြီလားဆိုရင်တော့ မဖြူသေးဘူး၊ ဟုတ်သလား?

'မှန်လှပါဘုရား'

မိမိရဲ့ကြမ်းတမ်းတဲ့ ကာယကံအပြစ်တွေကို သူများအသက်မသတ်ဘူး၊ သူများဥစ္စာမခိုးဘူး အစရှိသဖြင့် ကိုယ်က ဒီသီလကို စောင့်ထိန်းလိုက်တဲ့ အတွက်ကြောင့်မို့လို့ သူများအသက်ကို မသတ်အောင် ရှောင်ကြဉ်လိုက်တဲ့ အတွက် ကာယကံ၊ ဝစီကံကြမ်းတမ်းတဲ့အသွင်အပြင်၊ ဒီနေရာမှာ နှိမ်နင်းပြီး သားပဲနော် . . .

'မှန်လှပါဘုရား'

ဒါဖြင့် အဲဒီရေလေးစိမ်လိုက်တာနဲ့ကို ကာယကံအပြစ်တွေကြမ်းတမ်း မှုတွေ တဖြည်းဖြည်းနဲ့ လျော့သွားပြီ၊ ဝစီကံကြမ်းတမ်းမှုတွေ လျော့သွားပြီ၊ လွန်ကျူးမယ့် ကိလေသာတရားတွေကို နှိမ်နင်းထားနိုင်တဲ့အဆင့်လေးဟာ စိမ်ရုံလေးနဲ့ကို ရနေပြီနော် . . .

'မှန်လှပါဘုရား'

သဘောပေါက်စေချင်တာ ဟုတ်လား?

'မှန်လှပါဘုရား'

မိမိတို့အခုလို သီလတရားတွေ ခံယူဆောက်တည်လိုက်လို့ ဒီစိတ်လေး

http://www.dhammadownload.com



မှာ ဟောဒီသီလရေစင်လေးကို စိမ်လိုက်တဲ့အတွက်ကြောင့်မို့လို စင်ကြယ်ဖို့ အနေအထားလေးကိုတော့ နေရာပေးလိုက်ပြီ။

ကာယကံနဲ့ ကျူးလွန်မယ့်၊ ဝစီကံနဲ့ ကျူးလွန်မယ့်၊ လွန်ကျူးမယ့် "ဝီတိက္ကမ ကိလေသာ" ကို သီလတရားနဲ့ နှိမ်နင်းထားလို့ ကာယကံ ယဉ်ကျေးနေပြီ။ ဝစီကံတွေယဉ်ကျေးနေပြီ၊ အခု . . . လူတွေဝတ်တဲ့ အဝတ်အစားနဲ့ သီလရှင် ဝတ်တဲ့ အဝတ်အစားရဲ့ ကွာဟချက်လေး မိမိတို့တစ်တွေမှာ အခုဆိုရင် တူညီဝတ်စုံ သူတို့ဝတ်ထားရပြီ။ လူဆိုတာက အရောင်အဆင်းအမျိုးမျိုးကို သဘောကျပြီးတော့ ကိုယ်ကြိုက်တာကို ဆင်ကြမှာကိုး။ မြင်တဲ့အာရုံကလည်းပဲ သိမ်မွေ့မှုမရှိနိုင်ဘူး၊ လူဆိုတော့ ကြည့်ချင်ရာကြည့်မယ်။ 'သီလရှင်' ဆိုတော့ ဒီအဝတ်လေး ထိန်းလိုက်တဲ့ အတွက်ကြောင့်မို့လို့ ဣန္ဒြေလေးကလည်း သိမ်မွေ့သွားမယ်နော် . . .

' မှန်လှပါဘုရား '

ဩော် . . . အဝတ်အစားနဲ့ ပတ်သက်လို့လည်းပဲ အဲဒီအပေါ်မှာ ရှုပ်ထွေးတဲ့ ကိလေသာတွေကို လွန်မြောက်အောင် ကြိုးစားထားနိုင်တာက ဒီတစ်စုံသော ဝတ်ရုံ ဒီအရောင်အဆင်းလေး ရွေးစရာကိုမရှိဘူး။ ဒါလေးကောက်ပြီးတော့ ဝတ်ရုံခြင်းအားဖြင့် အဝတ်အစားနဲ့ ပတ်သက်တဲ့ ကိလေသာ အတော်များများ မလျော့သွားဘူးလား?

' လျော့သွားပါတယ်ဘုရား '

အဲဒီ လျော့သွားမှုအပိုင်းလေးမှာ ဒါလေးကို ကိုယ့်စိတ်မှာ ညစ်နွမ်းနေတဲ့အရာတွေကို ကိလေသာတွေ ထကြွသောင်းကျန်းပြီးတော့ ကာယကံ၊ ဝစီကံနဲ့ ကျူးလွန်မယ့်အပြစ်တွေကို အခုသီလရေစင်လေးမှာ စိမ်ပြီးတော့မှ စင်ကြယ်အောင် စောင့်ရှောက်လိုက်တဲ့ခဏလေးမှာ ဒီလောက်လေးနဲ့တော့ ငါတို့တာဝန်ကျေပြီမလုပ်နဲ့နော် . . .

' မှန်လှပါဘုရား '

http://www.dhammadownload.com



အဲဒီသီလတရားလေးကို ကိုယ်က ဖြည့်ဆည်းလိုက်တဲ့အတွက် ညစ်နေတဲ့အဝတ်လေးကို ရေထဲမှာစိမ်လို့ စင်ကြယ်ဖို့အတွက် အထောက်အပံ့ကောင်းကိုတော့ အားကြီးအောင် ပံ့ပိုးလိမ့်မယ်။ သို့သော်လည်းပဲ ဒီအဝတ်လေးညစ်ရာက ဖြူချင်တယ်ဆိုရင် ရေစိမ်ရုံနဲ့ရလား?

' မရပါဘူးဘုရား '

ဒါဆိုရင် တို့တွေက ဘာလုပ်ရမလဲမေးရင်၊ ဆပ်ပြာမှုန့်လေးတွေထည့်ရမှာပေါ့ . . .

' မှန်လှပါဘုရား '

မထည့်ရဘူးလား?

' ထည့်ရမှာပါဘုရား '

အေး . . . ဖြူစင်စေတဲ့ ဆပ်ပြာမှုန့်လေးတွေကို ထည့်လိုက်ခြင်းအားဖြင့် ခုနရေထက်စာရင် ညစ်နွမ်းမှုအဆင့်ကို ဆပ်ပြာမှုန့်အကူအညီနဲ့ ပိုပြီးမသန့်စင်စေဘူးလား?

' သန့်စင်စေပါတယ်ဘုရား '

ဒါဖြင့်သီလရေစင်လေးကို တို့တွေက ပက်ဖျန်းပြီးတော့ဆင်မြန်းလိုက်တာဟာညစ်နွမ်းနေတဲ့အရာ၊ ကာယကံနဲ့ကျူးလွန်မယ့်၊ ဝစီကံနဲ့ကျူးလွန်မယ့် ဒီကြီးကျယ်တဲ့အနေအထားကိုတော့ ဟောဒီသီလရေစင်က တတ်နိုင်တယ်နော်. .

' မှန်လှပါဘုရား '

ဒါပေမယ့် ခုနလို ညစ်နွမ်းတဲ့အရာလေးကို ထပ်ပြီးတော့စင်ကြယ်သထက် စင်ကြယ်ဖို့ကျတော့ တဆင့်တက်ရမယ် ဟုတ်လား?

' မှန်လှပါဘုရား '

http://www.dhammadownload.com



အဲဒီတဆင့်တက်ဖို့အတွက်ကို ခုနရေစိမ်ထားတဲ့နေရာမှာ ဒီအဝတ်လေးဖြူဖို့အတွက် ဘာလိုတုန်းဟေ့ . . .

‘ ဆပ်ပြာမှုန့်ပါဘုရား ’

အဲ. . ဆပ်ပြာမှုန့်လေးတွေလိုတယ်၊ အဲဒီဆပ်ပြာမှုန့်လေးထည့်လိုက်တယ်နော်၊ ဒီလိုဆိုရင် ကာယကံ၊ ဝစီကံနဲ့ ကျူးလွန်တဲ့အရာကို မကျူးလွန်အောင် သီလတရားနဲ့ ခံယူဆောက်တည်လိုက်တဲ့အတွက်ကြောင့်မို့လို့ ဒီအတိုင်းတော့နေလို့ မရဘူးဟေ့၊ ဆပ်ပြာမှုန့်လေးကယ်ဖို့အတွက်က . . .

**အင်္ဂါရှစ်တန် သီလခံ၍ (ခြိုးခြံအောင့်အည်း တဖြောင့်တည်းဖြင့်)**[၂]

ကဲ. . . မိမိတို့တစ်တွေ အခုလိုမျိုး သာသနာ့အနွယ်ဝင် သီလရှင်ကို ဝတ်ရုံလိုက်ပြီ၊ ကိုယ်ကခံယူလိုက်ပြီ၊ အဲဒီအချိန်အခါမှာ လူ့ဘဝတုန်းကနေသလိုမျိုး အဝတ်အစား၊ အနေအထိုင်၊ အစားအသောက် ဒါတွေအားလုံးသည် ကိုယ်ဖြစ်ချင်တိုင်းဖြစ်လို့ရမလား?

‘ မရပါဘူးဘုရား ’

ကိုယ်လိုချင်တိုင်းကောရမလား?

‘ မရပါဘူးဘုရား ’

အဲဒီအာရုံတွေမှန်သမျှကိုလည်းပဲ ခြိုးခြံနိုင်တဲ့ သည်းခံနိုင်တဲ့စွမ်းအားရှိရမယ်နော်. . .

‘ မှန်လှပါဘုရား ’

အဲဒီလိုခြိုးခြံ၊ သည်းခံနိုင်တဲ့စွမ်းအားရှိဖို့က ကိုယ်ရထားတဲ့ ယနေ့ဆောက်တည်တဲ့သီလ၊ အဲဒီသီလလေးကို မပျောက်မကြား၊ မကျိုးမပေါက်အောင်၊ ငါ. . . ယနေ့သီလစောင့်ထိန်းထားတယ်၊ ဟောဒီသီလလေး (ဘယ်လောက်စင်ကြယ်သလဲ?)[၃] (ထပ်လောင်း)[၂] အာရုံပြုပြီး ပွားနေရင် “ စာဂါနုဿတိ ”မရဘူးလား?

‘ ရပါတယ်ဘုရား ’

http://www.dhammadownload.com



ဟော. . . အဲဒီတရားလေးသည်ပင် မိမိရဲ့သန္တာန်မှာ ထပ်လောင်းပြီး တည်မယ်ဆိုရင် စိတ်လေးတည်ငြိမ်မယ်နော်. . .

' မှန်လှပါဘုရား '

တနည်းပြောရင် ကိုယ့်ရဲ့သန္တာန်မှာ စိတ်ကိုတည်ငြိမ်အောင် စိတ်ကို ငြိမ်သက်အောင် စောင့်ရှောက်မှုအပိုင်းအနေနဲ့ စောင့်စည်းမှုလေးရှိရမယ် ဆိုတာက အရှိတရားလေးပေါ်မှာ သတိလေးကပ်ပြီးတော့ ပွားများနေတဲ့ ထပ်တလဲလဲ သမထကုသိုလ်ကိုပြောလိုက်တာ ဟုတ်ပြီလား?

' မှန်လှပါဘုရား '

ဒါဖြင့်. . . ကိုယ့်မှာက ဒီအချိန်အခါမှာ ဆောက်တည်လိုက်တဲ့ သီလ က ကာယကံ ဝစီကံကို စောင့်ရှောက်နိုင်ခြင်းမရှိရင် ဒီသီလမရှင်သန်တော့ ဘူး၊ အဲဒီမရှင်သန်ခြင်းသည်ပင် ဥပုသ်စောင့်တဲ့နေရာမှာ အိုး. . . တို့ဒီ တစ်ထိုင်လောက်ရရင်တော်ပါပြီ။ တစ်ထိုင်လောက်ရရင် တော်ပါပြီဆိုတော့ တစ်ထိုင်လေးအတွင်းပဲပြီးရင် သူ့ ဒီသီလတွေ ပျက်စီးကုန်ပြီ၊ အဲလိုပျက်စီး ရင် သူ့ ကာယကံစောင့်ရှောက်နိုင်မလား?

' မစောင့်ရှောက်နိုင်ပါဘူးဘုရား '

ဝစီကံစောင့်ရှောက်နိုင်မလား?

' မစောင့်ရှောက်နိုင်ပါဘူးဘုရား '

ဒါဆိုရင် ဒီပုဂ္ဂိုလ် သီလရှင် မဟုတ်တော့ဘူး၊ ဟုတ်ပါ့မလား?

' မဟုတ်ပါဘူးဘုရား '

" သီလရှင် " ဆိုတာက စောင့်ထိန်းထားတဲ့ သီလတွေကို ပိုမိုပြီး အားကောင်းအောင်၊ ပိုပိုပြီးရှင်သန်အောင်၊ ပိုပိုပြီး ထက်မြက်အောင် စောင့် ရှောက်နိုင်ရင် ဒီသီလ၊ ရှင်သန်တာပဲ။ ဒါဖြင့် သီလတွေ မပျက်စီးဘူး၊ သီလ တွေ တိုးပွားနေမယ်၊ သီလတရားတွေကို ကိုယ်က ဆောက်တည်တဲ့အချိန်က စပြီး ကြမ်းတမ်းတဲ့ ကာယကံကို မဖြစ်အောင်၊ လွန်ကျူးလာမယ့် ဝစီကံတွေကို

http://www.dhammadownload.com



မဖြစ်အောင် " ဝီတိက္ကမကိလေသာ "တွေကို နှိမ်နင်းနိုင်ရင် ဒီသီလရှင်သန်တယ်၊ အဲဒါကို " သီလရှင် "လို့ ခေါ်တယ်ပေါ့ . . .

' မှန်လှပါဘုရား '

'သီလ' 'သေ' ရင်တော့ မရဘူးနော် . . .

' မှန်လှပါဘုရား '

'သီလ' ကို 'ရှင်' အောင်ကြိုးစားနိုင်ဖို့အတွက်ကို အခု (၈)ပါးသီလ ခံယူဆောက်တည်လိုက်တယ်၊ ဆောက်တည်လိုက်တဲ့အချိန်ကစပြီး တစ်ရက်တတ်နိုင်ရင် တစ်ရက်မှာ စင်ကြယ်ပစေ။ အဲဒီတစ်နေ့လုံး ရှင်နေတာပဲ။ နောက်နေ့ကို ဖျက်လိုက်ပြီဆို ဒီ 'သီလ' 'သေ'တာပဲ။ ဒါဆိုရင် တို့တွေက အခုလိုလာရောက်ပြီးတော့ ကျင့်ကြံ ကြိုးစား အားထုတ် ပွားများအားထုတ်ဖို့ ဆုံးဖြတ် ချက်ချပြီးတော့ "သီလရှင်" ဝတ်လိုက်တယ်၊ ယောဂီသူတော်စင်တွေလုပ်လိုက်တယ်၊ ဒါကြောင့် (တစ်နေ့)၂ တို့စောင့်ထိန်းတဲ့ သီလတရားတွေကို အားကောင်း အားကောင်းအောင်များကြိုးစားသွားမယ်။ ကာယကံနဲ့ လွန်ကျူးမယ့်အရာကို မလွန်ကျူးအောင် ဝစီကံနဲ့ လွန်ကျူးမယ့်အရာကို မလွန်ကျူးအောင် စောင့်ရှောက်နိုင်လိုက်ရင် ဒီ 'သီလ' 'ရှင်' နေတယ်ပေါ့နော်. . .

' မှန်လှပါဘုရား '

ဒါဖြင့်ရင် "ဝီတိက္ကမကိလေသာ"ကို မလွန်ကျူးအောင် စောင့်ရှောက်နိုင်ခြင်းသည် ဒီအတွက်ကိုတော့ 'သီလ' 'ရှင်'တယ်ပေါ့ . . .

' မှန်လှပါဘုရား '

ဟုတ်လား?

' မှန်လှပါဘုရား '

ဒီအထိ 'ရှင်'တယ်ပေါ့နော် . . .

' မှန်လှပါဘုရား '

http://www.dhammadownload.com



ဒီကနေပြီးတော့မှ ကိုယ့်စိတ်ထဲမှာ ပြန်ပြီးတော့မှ အာရုံလေးပြုပြုပြီး စိတ်ထဲမှာ ကိလေသာတွေနဲ့ နစ်မွန်းဦးမယ်၊ လောဘ ဒေါသတွေ သောင်းကျန်းဦးမယ်၊ ဟော. . . အပြင်က အမူအရာကတော့ လူတွေမတွေ့ဘူး၊ အတွင်းမှာကတော့ သောင်းကျန်းနေမယ်ဆိုရင် အဲဒီပုဂ္ဂိုလ်ကြည့် ဟောဒီ စိတ်ကို စင်ကြယ်အောင်လုပ်တဲ့နေရာမှာ ဆပ်ပြာမှုန့် မထည့်ရသေးဘူး ဟုတ်လား?

' မှန်လှပါဘုရား '

ဆပ်ပြာမှုန့်လေးထည့်မှ အဝတ်ဖြူမယ်လေ. . .

' မှန်လှပါဘုရား '

ဒါပေမယ့် ဖြူတယ်ဆိုတာက ဟောဒီဆပ်ပြာမှုန့်ရဲ့ အကူအညီနဲ့ ဖြူဖို့ အတွက်ကိုပဲ သူကပံ့ပိုးတာနော် . . .

' မှန်လှပါဘုရား '

အဲဒီအချိန်အခါမှာ ကိုယ့်စိတ်ကလေးကို ကိုယ်ကဟောဒီ ကာယကံ ဝစီကံတွေ မလွန်ကျူးအောင်တော့ စောင့်ရှောက်လို့ ဟောဒီသီလတရားနဲ့ ဖြည့်ကျင့်လိုက်ပြီ။ ဒီအချိန်အခါမှာ အဲဒီသီလတရားတွေကို ပိုပိုပြီးအား ကောင်းဖို့အတွက် ကိုယ့်စိတ်ကလေးမှာကို ဂုဏ်တော်တွေရွတ် အံသရရွယ် တာ၊ ပုတီးတွေစိပ်တာတို့ အာရုံတစ်ခုကို စိုက်စိုက်စူးစူးနဲ့ စိတ်ကလေးတည် ငြိမ်အောင် ကြိုးစားတဲ့ သမထအလုပ်၊ သမာဓိပိုင်း၊ ဒီအလုပ်ကိုလုပ်နိုင်ရင် ဆပ်ပြာမှုန့်လေးထည့်လိုက်တာပဲ။ အဲလိုထည့်လိုက်တဲ့အတွက် ဒီအဝတ် စင်ကြယ်တော့မယ်နော်. . .

' မှန်လှပါဘုရား '

အခုလည်း ကာယကံ၊ ဝစီကံတွေနဲ့ လွန်ကျူးမယ့်အရာကို သီလနဲ့ထိန်း ပြီးတော့မှ ဒီလောက်လေးနဲ့လည်း စင်ကြယ်လို့ မလွယ်သေးတဲ့အတွက်၊ ဟော

http://www.dhammadownload.com



သမာဓိ ကုသိုလ်နဲ့ မဖြည့်ရဘူးလား?

' ဖြည့်ရပါတယ်ဘုရား '

ဟော. . . သမာဓိကုသိုလ်နဲ့ ဖြည့်တဲ့အတွက်ကြောင့်မလို့ အာရုံလေးကို ကိုယ်ကပြုပြီးတော့၊ ဂုဏ်တော်တွေရွတ်အံ့သရရွယ်နေတယ်။ တရားတွေအထပ်ထပ်နာကြားနေတယ်၊ မေတ္တာတွေပွား၊ မေတ္တာတွေပို့နေတယ်။ အဲဒီစိတ်လေးဟာ (ထပ်လောင်း)၂ (ကုသိုလ်)၂ တရားတွေနဲ့ ထုံမွမ်းထားတဲ့အတွက်ကြောင့်မို့လို့ ဟောဒီစိတ်ထဲမှာ သောင်းကျန်းမယ့်ကိလေသာကိုနှိမ်နင်းထားတော့ ဒီသီလ အားမကောင်းဘူးလား?

' အားကောင်းပါတယ်ဘုရား '

ဒါဖြင့်. . . ဒီသီလတရားသည် ဒီအချိန်အခါမှာ ထပ်လောင်းပြီးတော့တိုးပွားအောင် အားကောင်းသွားတဲ့အတွက် ရှင်သန်သွားတဲ့သဘောဟာပြောစရာမလိုဘူးနော်. . .

' မှန်လှပါဘုရား '

ဒါဖြင့် ဒီအထိကို ကြိုးစားနိုင်တယ်ဆိုရင် အဲဒီပုဂ္ဂိုလ်သည် 'သီလရှင်' သေချာတာပေါ့. . .

' မှန်လှပါဘုရား '

ဟုတ်သလား?

' မှန်လှပါဘုရား '

ဩော်. . . 'သီလ' 'သေ'မှာစိုးလို့ ပြောတာ၊ ဟုတ်လား?

' မှန်လှပါဘုရား '

'သီလ' 'ရှင်' ဖို့ဆိုတာ မိမိရဲ့ သီလတရားတွေကို တစ်နေ့တခြားအားကောင်းအောင်၊ မကျိုးမပေါက် မပျောက်မကျားတိုးပွားအောင် စောင့်ရှောက်ခြင်းသည် 'သီလရှင်' ပဲ သဘောပေါက်လား?

' မှန်လှပါဘုရား '

http://www.dhammadownload.com



ဒါဆို. . . ယောဂီတွေအားလုံး ကိုယ့်ရဲ့သီလလေးကို စောင့်ရှောက်နိုင်ရင် ဘာတဲ့တုန်းဟေ့. . .

' သီလရှင် ပါဘုရား '

ယနေ့ သာသနာ့နွယ်ဝင် ဝတ်နေကြတဲ့ 'သီလရှင်'တိုင်းလည်းပဲ ကိုယ့်အမည်နဲ့လိုက်အောင် ဒီသီလတရားတွေကို (တိုးပွားအောင်)၂ ကြိုးစားနိုင်မှ 'သီလရှင်' နော်. . .

' မှန်လှပါဘုရား '

ဒီသီလတရားတွေ ငုတ်ကွယ်သွားရင်တော့ 'သီလရှင်' ဖြစ်ပါ့မလား?

' မဖြစ်ပါဘူးဘုရား '

အေး. . . ဒါလေးနားလည်စေချင်တာပါ။

' မှန်လှပါဘုရား '

အခုတော့ ကိုယ်က ဟောဒီအချိန်အခါမှာ အာရုံလေးစိုက်ပြီး တရားတွေနာနေတယ်၊ ကိုယ်ပြုတဲ့ကုသိုလ်လေးကို ထပ်တလဲလဲအာရုံပြုပြီးမှ "စာဂါနုဿတိ"ပွားနေမယ်၊ ဒီသီလတရားတွေကို ပြန်ပြီးတော့ ဆင်ခြင်နေမယ်၊ အဲဒါကို ထပ်ခါတလဲလဲလုပ်နေရင် ဒီစိတ်က မညစ်နွမ်းတော့ဘူး၊ အဲဒီတော့ ဒီစိတ်မှာလည်း ကိလေသာ သောင်းကျန်းသေးလား?

' မသောင်းကျန်းတော့ပါဘူးဘုရား '

အဲဒါ. . ဆပ်ပြာမှုန့်လေးထည့်လိုက်ပြီနော်. . .

' မှန်လှပါဘုရား '

ဒီလိုဆိုရင် ဒီအဝတ်ဖြူစင်ဖို့အတွက်က ရေလည်းပဲရှိသွားပြီ၊ ဆပ်ပြာမှုန့်လည်း ရှိသွားပြီ၊ စင်ပြီလားဟေ့ . . .

' မစင်သေးပါဘူးဘုရား '

http://www.dhammadownload.com



ဒီလိုဆိုရင် စင်ဖို့အတွက် ဘာလုပ်ရဦးမလဲ?

' လျှော်ရဦးမှာပါဘုရား '

အဲဒါလေးကို ဖွပ်လျှော်ရဦးမယ်၊ မလျှော်လို့ရမလား?

' မရပါဘူးဘုရား '

ရေလည်းပဲထည့်ပြီးပြီ၊ ဆပ်ပြာမှုန့်လည်းထည့်ပြီးပြီ၊ အဲဒါကို အညစ်အကြေးတွေ အကုန်စင်သွားဖို့က အားလေးစိုက်ပြီး ဖွပ်လျှော်ရမယ်လေ. .

' မှန်လှပါဘုရား '

ဟုတ်သလား?

' မှန်လှပါဘုရား '

အခု ကိုယ့်သန္တာန်မှာ ကိန်းနေတဲ့ ဟောဒီစိတ်မှာ ကိလေသာတွေ သောင်းကျန်းသမျှ အာရုံတွေ ပြုပြုပြီးတော့ ဖြစ်ပေါ်ခဲ့တဲ့အာရုံ၊ ကာယကံတော့ မကျူးလွန်တော့ဘူး၊ ဝစီကံတော့ မကျူးလွန်တော့ဘူး၊ စိတ်ထဲမှာတော့ ကျိတ်မနိုင်ခဲမရ ဖြစ်နေမယ်ဆိုရင် ဒီကိလေသာရဲ့သောင်းကျန်းမှု "ပရိယုဋ္ဌာနကိလေသာ"ကို သမာဓိ သမထနဲ့ ငြိမ်းရမယ်နော်. . .

' မှန်လှပါဘုရား '

ဒါကမှ မငြိမ်းနိုင်ဘူးဆိုရင် ဒီ 'သီလ' 'ရှင်'သန်ဖို့ မလွတ်ဘူး၊ 'သီလ' မှ မရှင်သန်ရင်လည်း 'သမာဓိ' မတည်ဘူး 'သမာဓိ'မှ မတည်ရင်လည်း 'ပညာ' စခန်းမတက်လှမ်းနိုင်ဘူး၊ မတက်လှမ်းနိုင်ရင် အဲဒီပုဂ္ဂိုလ် 'နိဗ္ဗာန်' မရဘူးပေါ့ . . . ဟုတ်ရဲ့လား?

' မှန်လှပါဘုရား '

ဒါဖြင့် သာသနာတော်ထဲမှာ ကိုယ်စွမ်းနိုင်တဲ့အဘက်ကနေပြီးတော့ ရှင်ရဟန်းပြုတဲ့ ပုဂ္ဂိုလ်တွေ ရှင်ရဟန်းပြုရင်းနဲ့ သံသရာကလွတ်အောင် ကြိုးစားတာပဲ။ သာသနာ့နွယ်ဝင်သီလရှင်တွေလည်း ဝတ်လာတာကိုက မိမိ

http://www.dhammadownload.com



ရဲ့ ကိလေသာ အညစ်အကြေးတွေ ပယ်သတ်ပြီးတော့ ဟောဒီ သံသရာက လွတ်အောင်ကြိုးစားဖို့အတွက် ဝတ်လာတာပဲနော် . . .

‘ မှန်လှပါဘုရား ’

ယောဂီဝင်တဲ့ ပုဂ္ဂိုလ်တွေလည်းပဲ ဒီအတိုင်းပဲပေါ့ . . .

‘ မှန်လှပါဘုရား ’

အဲ . . . ဒီလိုဆိုရင် တို့တွေက နံပါတ်တစ် ဘာလုပ်ရမလဲ? ဒီ‘သီလ’ ကို ‘ရှင်’သန်အောင်လုပ်ရမယ် ဟုတ်လား?

‘ မှန်လှပါဘုရား ’

‘သီလ’ ‘ရှင်’မှသာလျှင် ကိုယ့်ရဲ့သန္တာန်ဟာ အညစ်အကြေးတွေ တစ်နေ့တစ်ခြား ကင်းသွားမယ်၊ စင်ကြယ်မှုတွေ အားကောင်းမယ်၊ အဲလိုဖြစ်လာဖို့အတွက်ကို ထပ်လောင်းပြီးတော့ ပွားများတဲ့ သမာဓိလည်းပဲရှိရမယ်နော် . .

‘ မှန်လှပါဘုရား ’

အဲ . . . ဒီလောက်လေးနဲ့ ပြည့်စုံလားမေးရင် . . မပြည့်စုံသေးဘူး၊ ဘာဖြစ်လို့လဲမေးတော့ ဒီလောက်လေးနဲ့ ကိုယ်က အာရုံလေးပြုနေပေမယ့် ‘ဖျတ်’ဆို အသိလေးမကပ်တဲ့အချိန် ဟောဒီသမာဓိပွားများခြင်း အလုပ်ကို မလုပ်တဲ့အချိန်၊ လုပ်နေရင်းက အာရုံကပြန်ပြီးတော့ ဖျတ်ကနဲပေါ်လာ၊ အဲဒီပေါ်လာတဲ့ ခဏလေးမှာ ထောင်းကနဲ ဒေါသဖြစ်သွားနိုင်တယ် ဟုတ်သလား?

‘ မှန်လှပါဘုရား ’

လိုချင်မှု လောဘဘက်ကို ယိုင်သွားနိုင်တယ်၊ ကိလေသာတွေရဲ့နှိပ်စက်မှုကို ပြန်ခံရနိုင်တယ်၊ အဲဒါက အနုသယကိန်းနေတဲ့အရာမို့လို့ အဲဒါလေးကိုပါ အညစ်အကြေးလေးတွေကို စိမ်ရုံနဲ့မစင်သေးတော့ စင်တော့ အနည်းအကျဉ်းစင်မှာပေါ့နော် . . .

‘ မှန်လှပါဘုရား ’

http://www.dhammadownload.com



သူ့ဆိုင်ရာ ဆိုင်ရာနဲ့တော့ မစင်ဘူးလား?

' စင်ပါတယ်ဘုရား '

ရေလေးစိမ်လိုက်ရင် စိမ်သလောက်တော့ သူ့စွမ်းနိုင်သမျှတော့စင်မှာပဲ၊ ဆပ်ပြာမှုန့်လေး ကဲလိုက်တဲ့အတွက်ကြောင့်မို့လို့ သူ့ထိန်းနိုင်တဲ့ဘက်ကလည်း စင်အောင်တော့ မလုပ်သွားဘူးလား?

' လုပ်သွားပါတယ်ဘုရား '

ဒါ. . အလုံးစုံ စင်ချင်ပါတယ်ဆိုရင်တော့ အဲဒါလေးကို ပွတ်တိုက်ပြီးတော့ အားစိုက်လို့ ကိုယ်က လုပ်ရလိမ့်မယ်နော် . . .

' မှန်လှပါဘုရား '

အခုလည်းပဲ . . သီလတရားတွေကို ခံယူဆောက်တည်တယ်၊ ဆောက်တည်ပြီးတော့ မိမိရဲ့ခြိုးခြံခြံနဲ့ သည်းခံနိုင်တဲ့စွမ်းအားနဲ့ ပွားများတဲ့အလေ့အကျင့်လေးဟာ သမာဓိကုသိုလ်ကိုရအောင် ကြိုးစားတဲ့အတွက်ကြောင့်မို့လို့ ဟောဒီသီလတရားသည် တိုးပွား တိုးပွားပြီးတော့ ရှင်သန်လာမှာဖြစ်တဲ့အတွက် ယနေ့ဒီအဆင့်လေးကို ပိုင်ထားရင်တောင် 'သီလရှင်'အမည်လေးနဲ့ လိုက်တယ်နော်. . .

' မှန်လှပါဘုရား '

အဲ. . . ဒီလောက်မှ မရဘူးဆိုရင်တော့ မဖြစ်ဘူးဟော့. . .

' မှန်လှပါဘုရား '

ဝတ်တော့ ဝတ်တယ်၊ အဲဒီဝတ်ပြီးတဲ့အတိုင်းအတာလေးမှာ သူများရဲ့လှူမယ်၊ တန်းမယ်၊ လာဘ်လာဘတွေကို မျှော်ကိုးနေရင် ကိုယ်လုပ်ရမယ့်အလုပ်တွေကို တိုးပွားအောင် မလုပ်ရင် အဲဒီပုဂ္ဂိုလ် ကာယကံနဲ့ ဝစီကံနဲ့ ကျူးလွန်တဲ့အဆင့်အထိ ရောက်လာမှာပဲနော်. . .

' မှန်လှပါဘုရား '

http://www.dhammadownload.com



သူ့ကို မကျူးလွန်အောင်လို့ စောင့်ရှောက်ပေမယ့် ဒီစိတ်မှာလည်းပဲ အဲဒီသောင်းကျန်းမှုတွေကို မနှိမ်နင်းနိုင်ရင် ဒီအချိန်မှာသီလပျက် မပျက်. .

' ပျက်ပါတယ်ဘုရား '

မရှင်သန်နိုင်တော့ဘူး၊ ဒါဆိုရင် လိုရာပန်းတိုင်ရောက်ပါ့မလား?

' မရောက်ပါဘူးဘုရား '

ငြိမ်းအေးမှုကော ဖြစ်ပါ့မလား?

' မဖြစ်ပါဘူးဘုရား '

အေး. . . ဒါကြောင့်မို့လို့ အခုဆပ်ပြာမှုန့်လေးထည့်လိုက်တဲ့ အနေအထားသည် တရားနာကြားနေတဲ့အခိုက်အတန့်မှာ စိတ်လေးစင်ကြယ်နေတယ် ထပ်ခါ ထပ်ခါ ပွားများပြီးတော့ အသိကပ်နေတယ်၊ တည်ငြိမ်တဲ့ အသွင်လေးဟာ အဲဒီဆပ်ပြာမှုန့်လေးထည့်လိုက်တဲ့အတွက် စိတ်ကလေးဟာ ကိလေသာ သောင်းကျန်းမှုက လွတ်မြောက်တော့ "ပရိယုဋ္ဌာနကိလေသာ" ကိုလည်း နှိမ်နင်းထားနိုင်တဲ့ အခိုက်အတန့်လေးပေါ့နော်. . .

' မှန်လှပါဘုရား '

ကဲ. . . အဲဒီတော့ အာရုံဒွါရအကြောင်းတိုက်ဆိုင်လို့ ကိုယ်ကပွားများနေပေမယ့် အခုလိုစိတ်လေးစင်ကြယ်အောင် ပွားများနေတယ်၊ ဒီဘက်ကလည်းပဲ ကာယကံ၊ ဝစီကံတွေ မကျူးလွန်အောင် သီလနဲ့ ထိန်းထားတယ်၊ သို့သော် အာရုံတွေက ကြမ်းလာလို့များ အကြောင်းတိုက်ဆိုင်လိုက်ရင် အနုသယက ထကြွလာပြန်ရောနော်. . .

' မှန်လှပါဘုရား '

အဲလို ကိန်းနေတဲ့အရာကိုလည်းပဲ တို့တွေအားလုံးက စင်ကြယ်သည်ထက် စင်ကြယ်အောင် ဘာလုပ်ရမလဲ၊ ဖွပ်လျှော်ရမယ်ဟော့ . . .

' မှန်လှပါဘုရား '

http://www.dhammadownload.com



အဲလို. . . ဖွပ်လျှော်ဖို့အတွက်ကို

ဖြိုးခြံအောင့်အည်း တဖြောင့်တည်းဖြင့်၊ ( စောင့်စည်းကြိုးကုပ် တရားထုတ် ဥပုသ်စောင့်ဟုခေါ် )၂

ကဲ. . . သီလတရားတွေ စင်ကြယ်ဖို့အတွက် ဥပုသ်သီတင်း သီလစောင့်သုံးကြတဲ့ ပုဂ္ဂိုလ်တွေဟာ သီလလေး စောင့်ရုံနဲ့ မပြီးသေးဘူး၊ မိမိရဲ့ သည်းခံနိုင်မှု စွမ်းအားနဲ့ ပွားများတဲ့ သမာဓိ သမထ ဒါတွေလည်းပဲ ဖြည့်ဆည်းရ၊ အဲဒါလေးနဲ့တင်မရတဲ့အတွက်ကြောင့်မို့လို့ ဣန္ဒြေ (၆)ပါးကို လုံခြုံအောင် စောင့်ရှောက်ပြီးတော့လည်းပဲ အကြိမ်ကြိမ်အဖန်ဖန် ပွားများအားထုတ်မှုအပိုင်းကိုလည်း လုပ်ရမယ်လို့ မသင်ဘူးလား?

' သင်ပါတယ်ဘုရား '

ဒါဖြင့် အားထုတ်မှုလည်း လုပ်ရမယ်နော် . . .

' မှန်လှပါဘုရား '

အဲလို အားထုတ်မှုလုပ်ရတဲ့အတွက်ကြောင့် ခန္ဓာဉာဏ်စိုက်အလုပ်ခွင်ကို သူတော်စင်များ မလုပ်ရဘူးလား?

' လုပ်ရပါတယ်ဘုရား '

အေး . . . ခန္ဓာမှာ ဉာဏ်စိုက်ပြီးတော့ တရားတွေရှုမှတ်ပွားများတယ်။ အဲလိုတရားတွေ ရှုမှတ်ပွားများတော့ ခန္ဓာထဲမှာရှိတဲ့ ရုပ်နာမ်ဓမ္မတွေအပေါ်မှာ သင်ပေးထားတဲ့အခိုက်အတန့် သိထားတဲ့အသိဉာဏ်နဲ့လိုက်ကြည့်လိုက်တော့ ရုပ်တရားလေးတွေလည်း မမြဲဘူး၊ နာမ်တရားလေးတွေလည်း မမြဲဘူး၊ ရုပ်နာမ်တရားတွေရဲ့ ဖြစ်မှု ပျက်မှုအပိုင်းလေးတွေကို ဉာဏ်ရောက်အောင်ကြည့်ထားရင်၊ ပွားများတဲ့ပုဂ္ဂိုလ်ဟာ ဖွပ်လျှော်နေတဲ့အတွက် တစ်ချက်လျှော် တစ်ချက်စင်တာပဲ။

' မှန်လှပါဘုရား '

http://www.dhammadownload.com



တစ်ချက်ဖွပ်လိုက်ရင် တစ်ချက်အညစ်အကြေးပြောင်သွားတာပဲနော်၊ အဲဒီလို ပြောင်နိုင်အောင်လို့ ဘာလုပ်ရအုံးမှာလဲ? ပွားရအုံးမယ် . . .

**"အနုသယကိလေသာ"**ကို ပယ်နိုင်ဖို့ကျတော့ မိမိတို့ **"ဝိပဿနာ"** အလုပ်နဲ့နှိမ်နင်းရမယ်။ ဒါဆိုရင် (နေ့စဉ်)၂ ကိလေသာတွေသောင်းကျန်းနေကြတဲ့ ဟောဒီ(၃)ပိုင်းမှာ အရင်းဆုံး သီလရှင်ဝတ်ပြီးတော့ သီလတရားတွေ ခံယူဆောက်တည်လိုက်ခြင်းအားဖြင့် ယဉ်ကျေးသိမ်မွေ့တဲ့အသွင်တွေ ရသွားပြီနော်. . .

' မှန်လှပါဘုရား '

ကာယကံတွေကိုလည်းပဲ ယဉ်ကျေးသိမ်မွေ့ ကြည်ညိုစရာကောင်းအောင် စောင့်ရှောက်နိုင်ပြီ၊ ဝစီကံတွေကိုလည်းပဲ သိမ်မွေ့တဲ့အသွင်အပြင်နဲ့ သူတစ်ပါးနားခံသာအောင်ပြောနိုင်တဲ့ အနေအထားကိုလည်းရအောင် စောင့်ရှောက်နိုင်ပြီ. . . သီလရဲ့ကျေးဇူး . . . အဲဒီ သီလ မရှင်သန်ရင် ကိုယ်ကျိုးနည်းမယ်နော် . . .

' မှန်လှပါဘုရား '

ဒါကြောင့် "သီလရှင်"ဆိုတဲ့နေရာမှာ သီလတွေကို ရှင်သန်၊ ရှင်သန်အောင် တဆင့်ထက်တဆင့် တိုးပွားအောင် ကြိုးစားဖို့ကို ဖြည့်ရမယ် ဟုတ်လား။

' မှန်လှပါဘုရား '

ကဲ. . . ဒီသီလတရားတွေကို (နေ့စဉ်)၂ ပြန်ဆန်းစစ်ရမှာ၊ ငါတို့တွေသည် ဟောဒီစောင့်ထိန်းထားတဲ့ သီလတရားတွေ ငါ့မှာရှိတယ်။ အဲဒီသီလတရား၊ ငါသူများအသက်မသတ်အောင်စောင့်ရှောက်မယ်၊ သူများဥစ္စာမခိုးအောင် ငါစောင့်ရှောက်မယ်၊ မမြတ်တဲ့အကျင့်တွေကို ငါမကျင့်အောင်စောင့်ရှောက်မယ်၊ မဟုတ်မမှန်တာမပြောမိအောင် ငါစောင့်ရှောက်မယ်၊ မူးယစ်စေတဲ့အရာတွေကို သောက်စားတဲ့အလုပ်တွေကို ငါရှောင်မယ်၊ နေ့လွဲညစာ

http://www.dhammadownload.com



တွေ ငါမစားဘူး၊ အဲဒီလိုဆိုရင် သူသည် နေ့လွဲညစာဖြစ်တဲ့အတွက်ကြောင့်မို့လို့ လောကသတ်မှတ်နေတာက ည(၁၂)နာရီနောက်ပိုင်းကျော်ရင် သတ်မှတ်ကြတယ်။ အဲဒီအချိန်ကိုပဲ အာရုံပြုပြီးတော့ (၁၂)နာရီကျော်ရင် စားလို့ရတယ်ဆိုပြီး တချို့က စားကြတယ်။ အမှန်ကတော့ . . . တို့သာသနာတော်မှာ "အရုဏ်"က အဓိကပဲနော် . . .

' မှန်လှပါဘုရား '

"အရုဏ်"က အဓိကဖြစ်တဲ့အတွက်ကြောင့်မို့လို့ "အရုဏ်" မတက်ခင်မှာ သုံးဆောင်မိရင် နေ့ခင်း (၁၂)နာရီကနေ၊ နောက်နေ့ အရုဏ်မတက်ခင်အထိကို မစားရပါဘူး။

' မှန်လှပါဘုရား '

စားမိပြီဆိုတာနဲ့ အဲဒီပုဂ္ဂိုလ်ရဲ့သန္တာန် သီလတွေ ပျက်စီးသွားပြီ၊ ကဲသီလမသေဘူးလား သေမလား?

' သေပါတယ်ဘုရား '

ကိုယ်စောင့်ထိန်းရမယ့်နေရာမှာ နေ့လွဲညစာမစားဘူးဟော့ . . ၊ နေ့လွဲညစာမစားဘူးဆိုရင် အဲဒီနေ့လွဲညစာ မစားဖို့အတွက်ကို "အရုဏ်"နဲ့ သတ်မှတ်တာဖြစ်လို့ ယနေ့(၁၂)နာရီကနေ နောက်နေ့ အရုဏ်မတက်မချင်းကို မစားရဘူးနော် . . .

' မှန်လှပါဘုရား '

နေ့ခင်း အခု(၁၂)နာရီအတွင်းမှာတော့ စားတယ်၊ (၁၂)နာရီအတွင်း စားပြီးတော့ (၁၂)နာရီကျော်သွားတာကနေပြီးတော့ နောက်နေ့မနက် အရုဏ်မတက်ခင်အထိဆိုတော့ ဝါဆိုလကစရင် (၄)နာရီခွဲမှာ အရုဏ်တက်တယ်၊ ဘယ်အချိန် . . .

' လေးနာရီခွဲပါဘုရား '

http://www.dhammadownload.com



လေးနာရီခွဲမှာ အရုဏ်တက်တာဖြစ်တဲ့အတွက်ကြောင့်မို့လို့ လေးနာရီမခွဲမချင်း စားလို့မရဘူး . . .

' မှန်လှပါဘုရား '

ပိုသေချာတာက (၁၀) မိနစ်လောက်တိုးပြီးတော့ စောင့်လိုက်ရင် ပိုကောင်းတယ် . . .

' မှန်လှပါဘုရား '

ကျေးဇူးတော်ရှင် "ရွှေဥမင်ဆရာတော်ဘုရားကြီး" မိန့်ခဲ့ဖူးတယ်။ တစ်နေ့လုံး တစ်ညလုံး တို့တွေစောင့်ခဲ့ပြီးတော့မှ နောက်နေ့မနက် အရုဏ်လေးမှာ ဒီ(၁၀)မိနစ်လေးကို မစောင့်နိုင်ဘူးလားလို့ မိန့်ဖူးတယ်နော်. . .

' မှန်လှပါဘုရား '

ဘာဖြစ်လို့လဲမေးတော့ နေရာဒေသကွဲတာနဲ့အမျှ(၅)မိနစ်၊ (၁၀)မိနစ် နောက်ကျသွားတယ်။ ဟောဒီ ရန်ကုန်နဲ့ သထုံတောင်မတူပါဘူး၊ အဲဒါကြောင့်မို့လို့ အများနဲ့ ညှိပြီးတော့မှ (၄)နာရီခွဲဆိုရင် (၄)နာရီ (၄၀)သည် အသေချာဆုံးပဲ။ အဲဒီတော့ (၄)နာရီခွဲတာနဲ့ တန်းစားမယ်ဆိုရင် အဲဒီပုဂ္ဂိုလ်သံသယ ရှိနိုင်သေးတယ် ဟုတ်လား?

' မှန်လှပါဘုရား '

အဲ. . . ကိုယ့်ရဲ့သန္တာန်မှာ ထကြွလာတဲ့ကိလေသာရဲ့သောင်းကျန်းမှုကို မနှိမ်နင်းနိုင်တဲ့အတွက်ကြောင့် စိတ်ကိုမနှိမ်နင်းနိုင်ပြန်တော့လည်း ကာယကံနဲ့ စားမိပြီလေ ယူပြီးပြီ၊ ဝစီကံနဲ့လည်းပဲ တောင်းပြီးပြီနော်. . .

' မှန်လှပါဘုရား '

အဲဒီလိုဆိုရင် ကိုယ့်ရဲ့သန္တာန်မှာ စောင့်ရှောက်ရမယ့်အပိုင်းလေး လျော့သွားပြီပေါ့ . . .

' လျော့သွားပါပြီဘုရား '

http://www.dhammadownload.com



ဒါဖြင့် . . . 'သီလ' 'ရှင်'ဖို့ မလွယ်ပြန်ဘူး . . .

' မှန်လှပါဘုရား '

သဘောပေါက်လား?

ဒါကြောင့်မို့လို့ ဝါဆိုလမှာ (၄)နာရီခွဲမှ အရုဏ်တက်တယ်၊ ဒါဆို (၁၀)မိနစ်၊ (၁၀)မိနစ် ဆောင်းသွားနော် . . .

' မှန်လှပါဘုရား '

နောက်တစ်ခါ ဝါခေါင်လဆိုတော့ (၁)လ၊ အဲဒီ(၁)လလေး တိုးတိုင်း တိုးတိုင်းမှာ(၁၀)မိနစ်စီ တိုးသွားပါ၊ ဝါခေါင်လဆိုရင် (၄)နာရီ (၄၀)၊ အဲဒီ (၄)နာရီ (၄၀)အတွင်းမှာ မစားရဘူး၊ (၄)နာရီ (၄၀)ဆိုရင် (၁၀)မိနစ်တိုး လိုက်ရင် (၄)နာရီ (၅၀)မှာ ဘုဉ်းပေ့ါ သေချာတယ်ပေ့ါနော်။ နောက်တစ် နေ့ပြန်ပြီးကြည့် ဝါဆို၊ ဝါခေါင်၊ အခုတော်သလင်း၊ တော်သလင်းဆိုရင်(၄) နာရီ (၅၀)၊ ဒါဆို (၅)နာရီ သေချာတယ်ပေ့ါ. . . ယနေ့ သူတော်စင်တွေက တော့ အဲဒါနဲ့ ပတ်သက်လို့ နေ့လွဲညစာမဖြစ်ပါဘူး. . . ဘာဖြစ်လို့လဲမေး တော့ (၅)နာရီခွဲမှ ဖြုတ်တာကိုး။ စားရတာက (၆)နာရီမှဆိုတော့ သေချာ တာပေ့ါ ဟုတ်လား?

' မှန်လှပါဘုရား '

အဲဒီတော့ ဒီလိုနဲ့တွက်သွား ပြာသိုလအထိကို (၁၀)မိနစ်စီ၊ (၁၀)မိနစ် စီတိုးသွား တိုးသွားရင် ပြာသိုလသည် (၅)နာရီခွဲနောက်အကျဆုံးပဲ၊ ဒါဖြင့် (၄)နာရီခွဲကနေ (၅)နာရီခွဲဆိုတော့ ဝါဆိုလကနေ ပြာသိုလအတွင်းမှာ (၁၀) မိနစ်စီ၊ (၁၀)မိနစ်စီတိုးသွားရင် ပြာသိုလရောက်ရင် (၅)နာရီခွဲပဲ။ အဲဒီ ပြာသိုလကနေပြီးတော့မှ တစ်ခါ (၁၀)မိနစ်စီ၊ (၁၀)မိနစ်စီပြန်လျှော့၊ အခု ဝါဆိုလရောက်တဲ့အချိန်ကျတော့ (၅)နာရီခွဲကနေ၊ (၄)နာရီခွဲပြန်ဖြစ်သွား ရော၊ ဟုတ်ပြီနော် . . .

' မှန်လှပါဘုရား '

http://www.dhammadownload.com



ဒါဆိုရင် "အရူဏ်"နဲ့ပတ်သက်လို့ ယုံမှားသံသယမရှိနဲ့တော့၊ မိမိတို့တစ်တွေ "အရူဏ်"ကိုသာလျှင် အာရုံပြုပြီးတော့ စားရတာဖြစ်တယ်နော်. .

' မှန်လှပါဘုရား '

သီလမပျက်စီးချင်ဘူးဆိုရင် ည(၁၂)နာရီကျော်တာနဲ့ စားမယ်ဆိုတဲ့အယူတွေ စွန့်တော့ပါ။ ကဲ. . . ဒီလိုဆိုရင် အဲဒီသီလကို အဲလိုစောင့်ရှောက်ခြင်းအားဖြင့် ပိုပြီးစင်ကြယ်မှု မရဘူးလား?

' ရပါတယ်ဘုရား '

တစ်ခါ. . . ကိုယ်ကိုယ်တိုင်လည်း မသီဆိုဘူး၊ သူတစ်ပါးကိုလဲမဆိုခိုင်းဘူး၊ ဆိုတာလည်းပဲ မကြည့်ဘူး၊ ကိုယ်ကိုယ်တိုင်လည်းပဲ မတီးမှုတ်ရဘူး၊ သူတစ်ပါးကိုလည်းပဲ တီးမှုတ်ခြင်းခိုင်းပြီးတော့ မလုပ်ရဘူး၊ ကိုယ်ကိုယ်တိုင် လည်းပဲ တီးမှုတ်တာကိုမကြည့်ရဘူး။ သူများကိုလည်း မကခိုင်းရဘူး၊ ကိုယ်ကိုယ်တိုင်လည်း မကရဘူး၊ သူများကတာလည်း မကြည့်ရဘူး၊ အဲဒါလေး တွေကို မစောင့် ရှောက်နိုင်ရင်ဒီသီလပျက်စီးတာပဲ။ ကဲ. . . 'သီလ' 'ရှင်' ဦးမလား?

' မရှင်တော့ပါဘူးဘုရား '

ယနေ့ . . . မိမိတို့တစ်တွေက အဲဒါလေးတွေကို ငါတို့တစ်တွေသည်သတိထားပြီးတော့ စောင့်ရှောက်ရမယ်နော်. . .

' မှန်လှပါဘုရား '

တစ်ခါ. . . ထပ်ပြီးတော့မှ ပန်းပန်တာ၊ အမွှေးနံ့သာတွေထုံမွမ်းတာဒါလည်း မလုပ်ရဘူး၊ အဲဒါတွေကို လုပ်ရင်လည်းပဲ သာယာတဲ့စိတ်က ကိုယ့်ကို ညစ်နွမ်းတဲ့ ဟောဒီ ကိလေသာက လာလွှမ်းခြုံလို့ ကာယကံ ဝစီကံနဲ့လုပ်မိပြီဆိုရင် လွန်ကျူးတဲ့အထိ ဖြစ်မသွားဘူးလား?

' ဖြစ်သွားပါတယ်ဘုရား '

http://www.dhammadownload.com



အိုး . . . သီလတွေ သေကုန်တာပဲနော်. . .

' မှန်လှပါဘုရား '

မိမိဟာ စိတ်လေးမှာ ဖျတ်ကနဲဖြစ်တယ်၊ ဒါလေးကို ပြန်နှိမ်နင်းနိုင်ရင် ဒီဘက်က ထကြွသောင်းကျန်းတဲ့အထိ လာဦးမလား?

' မလာတော့ပါဘူးဘုရား '

လွန်ကျူးတဲ့အထိ မလာတော့ဘူး၊ ထကြွသောင်းကျန်းတာကိုလည်း နှိမ်နင်းလိုက်တဲ့အတွက်ကြောင့်မို့လို့သူ့မှာ"အနုသယ"တော့ကျန်မယ်နော်. .

' မှန်လှပါဘုရား '

ဆင့်ကဲ ဆင့်ကဲ သတိထားပြီး ဖြေရှင်းသွားနိုင်တဲ့ အသိတရားကိန်းသွားအောင်လို့ ကိုယ့်သန္တာန်မှာ ဆောက်တည်နိုင်တယ်ဆိုရင်တော့ ဒီပုဂ္ဂိုလ်သည် ဘာတဲ့တုန်း " သီလရှင် ". . .

' သီလရှင် ပါဘုရား'

ကဲ. . ယနေ့ "သီလရှင်"တွေအားလုံးသော ပုဂ္ဂိုလ်တွေ ပြန်ကြည့်ပါ၊ ငါတို့တွေသည် သာသနာ့နွယ်ဝင် ဝတ်လာကြတဲ့ 'သီလရှင်' တွေလည်း ဒီအမည်နဲ့လိုက်လား မလိုက်လား? ကိုယ့်ဟာကိုယ်ဆုံးဖြတ်ရမယ်နော်. . .

' မှန်လှပါဘုရား '

ဆန်းစစ်ရင် မရဘူးလား?

' ရပါတယ်ဘုရား '

ကဲ. . . ဒီအဝတ်လေးတွေကို ဝတ်ထားတဲ့ 'သီလရှင်' တွေလည်းပဲ အခုဟောတဲ့အတိုင်း ညီညွတ်ရင် 'သီလရှင်'ပဲ၊ ယောဂီသူတော်စင်တွေလည်းပဲ အခုပြောတဲ့အတိုင်းကို 'သီလ'ကို စောင့်ထိန်းလို့များ 'ရှင်'နေရင် 'သီလရှင်' ပဲ. . .

' မှန်လှပါဘုရား '

http://www.dhammadownload.com



သဘောပေါက်ရဲ့လား?

' ပေါက်ပါတယ်ဘုရား '

ဒါဖြင့်ရင် သာသနာ့နွယ်ဝင် သီလရှင်တွေကျတော့ မိမိတို့မှာ အဝတ်အစားနဲ့ ပတ်သက်လို့လည်း ကိလေသာမဖြစ်တော့ဘူး၊ ဟော. . . အများသူငါတွေကို ကြည့်တဲ့နေရာမှာလည်း ကိုယ်က မျက်လွှာလေးချပြီးတော့ သိမ်မွေ့တဲ့အသွင်နဲ့သွားရတာဖြစ်တဲ့အတွက်ကြောင့်မို့လို့ လူတွေကို လွတ်လွတ်လပ်လပ်နဲ့ ဟိုကြည့် ဒီကြည့် ဣန္ဒြေကို မစောင့်ရှောက်တဲ့အသွင်မျိုး၊ ကြမ်းတမ်းတဲ့အသွင်အပြင်မျိုး၊ ကိုယ့်မှာက ဒါမျိုးမဖြစ်အောင်လို့ ဣန္ဒြေနဲ့အညီ မစောင့်ရှောက်ရဘူးလား?

' စောင့်ရှောက်ရပါတယ်ဘုရား '

ဒါလေးတွေက အဖက်ဖက်က သာသွားတယ်နော်. . .

' မှန်လှပါဘုရား '

ပြည့်စုံမှုတွေ အများကြီးရှိပါတယ်၊ ဒီနေရာမှာ တစ်ခုပြောချင်တာက သီလလေးကို ရှင်သန်အောင် စောင့်ရှောက်ဖို့ပါပဲ. . .

' မှန်လှပါဘုရား '

ဒါသည်ပင် အဓိကကျတာက 'သီလ'စင်ကြယ်မှ ဘာတုန်း 'သမာဓိ' တည်မယ်၊ 'သမာဓိ'တည်မှလည်းပဲ 'ဉာဏ်'ရမှာကိုး၊ ဒါမှသာ လွတ်မြောက်မှု မရဘူးလား ရမလား?

' ရမှာပါဘုရား '

အေး. . . ကိလေသာ (၃)မျိုးထဲမှာ ပြန်ကြည့်လိုက်တော့ "**ဝီတိက္ကမ ကိလေသာ**" ဆိုတဲ့ လွန်ကျူးမှုသည် 'သီလ'တရားနဲ့ အရင်ဆုံးနှိမ်နင်းတာနော်။

' မှန်လှပါဘုရား '

http://www.dhammadownload.com



အေး . . . အဲဒီလိုနဲ့ ကိုယ်က စောင့်ရှောက်ပြီးတော့ ကြိုးစားသွားမယ်၊ အဲဒီလို ကြိုးစားသွားရင် ခုနပြောခဲ့သလို သီလတရားတွေကို စောင့်ရှောက်သွားပြီ။ "ဥစ္စာသယန မဟာသယနာ"ဆိုရင်တော့ ဘာလဲမေးရင် မြင့်တဲ့နေရာ၊ မြတ်တဲ့နေရာ၊ တစ်တောင့်ထွာထက်မြင့်တဲ့နေရာ မနေအပ်ပါဘူး၊ နောက်တစ်ခါ ပန်းတွေနဲ့ အလှအပဆင်မြန်းထားတဲ့ မြင့်မြတ်တဲ့ စင်ကြယ်တဲ့အရာတွေပေါ်မှာ မနေရ မထိုင်ရပါဘူး၊ ဒါက လူတွေစောင့်သုံးတဲ့အခါမှာ (၈)ပါးသီလထဲမှာ "ဥစ္စာသယန မဟာသယနာ"မပါဘူးလား?

' ပါပါတယ်ဘုရား '

တစ်တောင့်ထွာထက်မြင့်သောနေရာဆိုတာ ပြောပြီးသားနော်. . .

' မှန်လှပါဘုရား '

ဒြော်. . . ဆန်းကြယ်တဲ့ အရုပ်တွေ၊ လှပတဲ့အရာတွေနဲ့ ရေးခြယ်ထားတဲ့နေရာတွေမှာ မထိုင်အပ်၊ မနေအပ်ဘူးလို့ ပြောပြီးသားနော်. . .

' မှန်လှပါဘုရား '

အဲဒါလေးတွေကို သတိထားပြီးတော့ စင်ကြယ်အောင် စောင့်ရှောက်သွားရင် ဒီပုဂ္ဂိုလ်တွေ 'သီလ' 'ရှင်' တာပဲ၊ ဟုတ်သလား?

' မှန်လှပါဘုရား '

ဟုတ်သလား?

' မှန်လှပါဘုရား '

ကိုယ်စောင့်ရှောက်ရတာမှ (၈)ပါး၊ အဲဒီ (၈)ပါးလေးကိုမှ မစောင့်ရှောက်နိုင်ရင် နေ့စဉ် နေ့စဉ် 'သီလ' 'သေ' နေမှာပဲ။

ဒါဆိုရင်. . . 'သီလရှင်'ဆိုတဲ့ အမည်နဲ့လိုက်မလား?

' မလိုက်ပါဘူးဘုရား '

http://www.dhammadownload.com



တစ်ယောက်နဲ့တစ်ယောက် မာန်မာနတွေရှိနေရင်လည်းပဲ အဲဒီ ပုဂ္ဂိုလ်သီလတွေ မှေးမှိန်သွားပြန်ပြီ ဟုတ်သလား?

' မှန်လှပါဘုရား '

ဒေါသတွေဖြစ်နေဦးမယ်၊ အလိုမကျဘူး၊ ဣဿာ မစ္ဆရိယတွေများ နေဦးမယ်ဆိုရင်လည်းပဲ ကိလေသာ သောင်းကျန်းသွားပြီ၊ သောင်းကျန်း သွားလို့ မျက်နှာလေးတင်းလာတယ်၊ ရှုံ့မဲ့သွားတယ်၊ မျက်စောင်းလေးခဲလိုက် မိပြီဆိုရင် လွန်ကျူးမိသွားပြီ၊ အဲဒါဘာပျက်သွားတုန်း 'သီလ'ပျက်သွားပြီ၊ အင်း . . . 'သီလ'ပျက်လို့ကတော့ 'သမာဓိ'တောင်မတည်ပါဘူး၊ 'သမာဓိ'မှ မတည်ရင်လည်းပဲ အဲဒီပုဂ္ဂိုလ် 'ပညာ'မဖြစ်ဘူးပေါ့။ ဩော်. . ဒါကြောင့်မို့လို့ တို့ကိလေသာတရားတွေကို နှိမ်နင်းဖို့အရေးကို အခုလို သာသနာ့အန္တယ်ဝင် 'သီလရှင်'ဝတ်လာကြတဲ့ ပုဂ္ဂိုလ်တွေက ကိုယ်စောင့်တဲ့သီလလေးအပေါ်မှာ စင်ကြယ်သထက် စင်ကြယ်အောင် (စောင့်ရှောက်)၂ ပြီးတော့ ကိုယ့်ကိုယ်ကို ကယ်သွားမယ်ဆိုရင်တော့ (၁၀)ရက်ပဲဝတ်ဝတ်၊ (၁)လပဲဝတ်ဝတ် ကျေးဇူး မများဘူးလား?

' များပါတယ်ဘုရား '

အဲဒီ အတောအတွင်းထဲမှာ ကြိုးစားလိုက်တဲ့အတွက်ကြောင့်မို့လို့ တို့ တွေအားလုံးသည် ဘေးတွေက လွတ်မြောက်အောင် ကြိုးစားမယ်ပေါ့. . . ဘေးမရှိအောင် တို့ကြိုးစားမယ်၊ တကယ့်ကို ကိလေသာရန်သူတွေက လွတ်မြောက်အောင်တို့ကြိုးစားမယ်၊ ဟောဒီ "နိဗ္ဗာန်"နဲ့ ထိုက်တန်တဲ့ ဉာဏ်တွေရအောင် ကြိုးစားမယ်၊ အဲဒီလိုမျိုး ပေးထားတဲ့အမည်နဲ့လည်း လိုက်ဖက်အောင်လို့ ဘာရှင်ရမယ်။ 'သီလ' 'ရှင်' ရမယ်။ ဒီလိုဆိုရင်. . ဘေးရန်တွေကကင်းတယ်ဆိုတာက နိဗ္ဗာန်မှာ ဘေးရန်ရှိလား?

' မရှိပါဘူးဘုရား '

http://www.dhammadownload.com



ဘေးမျိုးစုံတွေကနေပြီးတော့ လွတ်မြောက်သွားတယ်ဆိုတာလည်းပဲ နိဗ္ဗာန်မှာ ဘေးမျိုးစုံမရှိတော့ဘူးနော်. . .

' မှန်လှပါဘုရား '

နိဗ္ဗာန်ကို သွားတာက ကံလမ်းလား ဉာဏ်လမ်းလား?

' ဉာဏ်လမ်းပါဘုရား '

ဉာဏ်မှ မရှိရင်လည်း နိဗ္ဗာန်မရောက်ပြန်ဘူး . . .

' မှန်လှပါဘုရား '

အေး . . ဒါကြောင့်မို့လို့ ယနေ့ဝတ်တဲ့ သီလရှင် (၃)ပါး၊ မိမိတို့ရဲ့ အမည်လေးတွေနဲ့လိုက်အောင် ဉာဏ်ဆိုတာကိုလည်းပဲ "ဉာဏစာရီ"လို့ ပေးထားတဲ့ မိမိတို့က ဩော်. . . ဒီဉာဏ်လေးကို ဦးထိပ်ထားပြီးတော့ နိဗ္ဗာန်နဲ့ ထိုက်တန်အောင် ငါကြိုးစားဖို့က ဒီ 'သီလ' 'ရှင်'ဖို့ပဲ။ 'ခေမာစာရီ'ဆိုရင်လည်းပဲ၊ ဩော်. . . ဘေးမရှိတဲ့အရပ်တွေမှာ ငါတို့တွေသည် ရောက်ဖို့ဆိုတာက နိဗ္ဗာန်ပဲရှိတယ်။ အဲဒီနိဗ္ဗာန်ကို ရောက်ဖို့အတွက်ကိုလည်းပဲ ဒီသီလရှင်သန်ဖို့အတွက် စောင့်ရှောက်ပြီးတော့ ကျင့်ကြံကြိုးစားအားထုတ်မယ်လို့ ကိုယ့်အမည်လေးနဲ့လိုက်နိုင်အောင် ကြိုးစားရင် မကောင်းဘူးလား?

' ကောင်းပါတယ်ဘုရား '

'အဘရာ'ဆိုတဲ့အတိုင်းပဲ 'ဘေး'မရှိတော့ဘူး၊ ဝတ်တဲ့အချိန်ကစပြီး 'ဘေး'မှန်သမျှ ကင်းပျောက်သွားပြီ၊ အဲဒီဘေးတွေကို တကယ်ကင်းပျောက်ဖို့က နာမည်လေးနဲ့တော့ ပေးရုံနဲ့ရပါ့မလား?

' မရပါဘူးဘုရား '

ဝတ်လိုက်ရုံနဲ့ရပါ့မလား?

' မရပါဘူးဘုရား '

ဘေးမှန်သမျှမရှိဘူးဆိုတာက ဘာလဲမေးရင်ကိုယ့်ရဲ့သန္တာန်မှာအဲဒီဘေး

http://www.dhammadownload.com



တွေကင်းပျောက်သွားအောင် ဘေးတွေလည်းမရှိအောင်၊ ဘေးတွေ မတွေ့အောင်က 'သီလ'ကိုလည်း 'ရှင်'အောင်ကြိုးစားပါ။ ဟောဒီ 'သမာဓိ' တွေကိုလည်းပဲ ကိန်းအောင် စိတ်လေးကို စောင့်ရှောက်ပါ။ ဒီကနေ ခန္ဓာအရှိကို ဉာဏ်အသိနဲ့ကိန်းလို့ ဖြစ်ပျက်တွေမြင်ပြီဆိုရင် ဝိပဿနာဉာဏ်မကိန်းဘူးလား?

' ကိန်းပါတယ်ဘုရား '

( ကိန်းလာလေ သီလတရားပိုစင်ကြယ်လေပဲ )၂ အဲလိုစင်ကြယ်တဲ့ သီလပိုင်ရှင်ဖြစ်ရင် ဒီပုဂ္ဂိုလ်သည် (တစ်နေ့)၂ (ကြိုးစားသွားတိုင်း)၂ ကိလေသာတွေကို အောင်ပန်းမဆင်ဘူးလား၊ ဆင်မလား?

' ဆင်ပါတယ်ဘုရား '

ဒါဖြင့်ရင် အရှိနဲ့အသိကိုက်အောင် ကြိုးစားနေတဲ့ ဟောဒီဝိပဿနာဉာဏ် ကိုယ့်သန္တာန်ကိန်းရင် ကာယကံတွေအပြစ်ကင်းသွားပါပြီ၊ ဝစီကံတွေလည်း အပြစ်ကင်းသွားပြီ၊ နဂိုတုန်းက လောဘနောက် တကောက်ကောက်လိုက်ခဲ့တယ်၊ ဒေါသနောက် တကောက်ကောက်လိုက်ခဲ့တယ်၊ သူတို့ရဲ့ အုပ်ချုပ်ခြယ်လှယ်မှုအောက်မှာ တို့ကာယကံနဲ့လုပ်ခဲ့တယ်နော် . . .

' မှန်လှပါဘုရား '

ဝစီကံနဲ့ကော မပြောခဲ့ရဘူးလား?

' ပြောခဲ့ရပါတယ်ဘုရား '

အဲဒါတွေအားလုံးကို အခုအရှိနဲ့အသိ ကိုက်လို့ ရုပ် နာမ်တွေရဲ့ဖြစ်ခြင်း၊ ပျက်ခြင်းကို ကောင်းစွာ မြင်နေရတဲ့ပုဂ္ဂိုလ် အဝတ်ပေါ်မှာ ဆပ်ပြာမှုန့်လေးထည့်ပြီးတော့ ရေထဲမှာ စိမ်ထားတဲ့အဝတ်ကို ဘာလုပ်နေတာလဲ၊ ပြောင်နေအောင်ဖွတ်တိုက်နေတာနော်. . .

' မှန်လှပါဘုရား '

http://www.dhammadownload.com



ဟော. . .'သီလ'လေးနဲ့ကိုယ်က စိမ်ထားလိုက်ပြီ၊ ဟောဒီ 'သမထ' လေးနဲ့လည်းထပ်ပြီး ပုံပိုးလိုက်ပြီ၊ ဟောဒီစိတ်ကလေးပိုပိုပြီးစင်ကြယ်သထက် စင်ကြယ်အောင်က ပေါ် ရာဌာန (၆)နေရာမှာ ဝိပဿနာဉာဏ်လေးယှဉ်ပြီး တော့မှ ကြိုးစားပွားများနေတာသည်ပင် ကာယကံလေးသိမ်မွေ့သွားတယ်။ ဝစီကံလေးယဉ်ကျေးသွားတယ်၊ အဲလိုဆိုရင် အပြင်ပက ကြည့်တာကိုက ကြည်ညိုစရာ မကောင်းဘူးလား?

' ကောင်းပါတယ်ဘုရား '

ဒီလိုဆိုရင် "ဝီတိက္ကမကိလေသာ"ကို နှိမ်နင်းနိုင်တယ်ဆိုတာ ပေါ် သွားပြီ ဟုတ်သလား?၊ အခုသွားတာ၊ လာတာ၊ နေတာ၊ ထိုင်တာကအစ ပရမ်းပတာသွားလို့ ရသေးလား?

' မရပါဘူးဘုရား '

သီလစောင့်ထိန်းထားတဲ့ပုဂ္ဂိုလ်ရဲ့အသွင်အပြင်၊ ဘာဝနာပွားထားတဲ့ ပုဂ္ဂိုလ်ရဲ့အသွင်အပြင်၊ သူတော်ကောင်းတွေရဲ့ လက္ခဏာဟာ ပြင်ပက ပုဂ္ဂိုလ် တွေ တရားမနာ၊ တရားအားမထုတ်တဲ့ပုဂ္ဂိုလ်တွေနဲ့ စရိုက်ချင်းလဲမတူဘူး၊ အမူအယာချင်းလည်း မတူဘူး ဟုတ်တယ်နော်. . .

' မှန်လှပါဘုရား '

အခု. . . ကိုယ်က ဒီကိုရောက်လာပြီဆိုတဲ့အတွက်ကြောင့်မလို့ ပြင်ပ မှာ ဘယ်လိုပဲ(သွားခဲ့)၂ ဘယ်လိုပဲ(လာခဲ့)၂ ဘယ်လိုပဲ(ကြမ်းတမ်း)၂ အဲဒီ အသွင်အပြင်တွေ ဒီထဲမှာ အကုန်ပျောက်ရတော့မယ်။ အရပ်သူအရပ်သား စိတ်တွေဖျောက် "သီလရှင်"ဆိုတဲ့ စိတ်ကလေးကို ရောက်ပစေ၊ "သီလရှင်" ဆိုတာက ဘာရှင်သန်တာ . . .

' သီလ ရှင်သန်တာပါဘုရား '

ကိုယ်စောင့်ထိန်းထားတဲ့ သီလတရားတွေ ရှင်သန်ဖို့နော်. . .

' မှန်လှပါဘုရား '

http://www.dhammadownload.com



ကိုယ်စောင့်ထိန်းထားတဲ့ သီလတရားတွေကို (ထပ်လောင်း)[၂] ပြီးတော့ အားကောင်းသထက်ကောင်းအောင် တိုးပွားဖို့ သမာဓိတွေကိုလည်း ကြိုးစားနေတာ ဝိပဿနာဉာဏ်တွေကို ရအောင်ကြိုးစားနေတာ၊ အဲဒါသည်ပင် ကိုယ့်သန္တာန်မှာ သီလတရားတွေကို စင်ကြယ်အောင်စောင့်ရှောက်ခြင်း အားဖြင့် ဒီပုဂ္ဂိုလ်ဘာလို့ခေါ်. . .

' **သီလရှင် လို့ခေါ်ပါတယ်ဘုရား** '

ဒါဖြင့် 'သီလ' တကယ် 'စင်ကြယ်'လာပြီဆိုရင်၊ အခက်အခဲမျိုးစုံက ဘယ်လောက်ပဲ ကိုယ့်ကိုပြုပြု၊ တစ်ချက်လေးနှလုံးသွင်းတာနဲ့ လျှင်မြန်စွာ ရဟန္တာဖြစ်တာ ရှိတယ်နော်။

' မှန်လှပါဘုရား '

တစ်ခါတုန်းကလည်း ဆရာတော်ကြီးတစ်ပါး သီလတွေ အင်မတန်စင်ကြယ်အောင် စောင့်ရှောက်တယ်၊ အလွန်ကိုသေးငယ်တဲ့အပြစ်ကိုပါ မဖြစ်အောင် စောင့်ရှောက်တယ်၊ သတိထားပြီးတော့ ဒါကြောင့်မို့လို့ အသွင်အပြင် အမူအယာက အင်မတန်ကို တည်ငြိမ်အေးချမ်းပြီးတော့ ကြည်ညိုစရာ ကောင်းလွန်းလို့ "ရဟန္တာ"လို့ကို သမုတ်ပါတယ်။ ကဲ. . . ဒီတော့ ပျံလွန်တော်မူခါနီး အနာရောဂါတွေဖြစ်လို့ မကျန်းမမာဖြစ်တဲ့အချိန်အခါမှာ ပျံလွန်တော်မူတော့မယ်၊ ဒါကိုသိကြတဲ့ ဒကာ ဒကာမတွေက ဟော့. . . တို့ "ရဟန္တာ" ပူဇော်ပွဲ သွားကြမယ်ဆို အိုး. . . ကျောင်းမြေပြင်ကြီးပြည့်သွားပြီ၊ ကျောင်းခြံဝင်းကြီးပြည့်သွားပြီ၊ အဲဒီအချိန်အခါမှာ သူ့ရဲ့'ပစ္စာသမဏ'က အခန်းထဲဝင်ပြီးလျှောက်တယ်၊ ဆရာတော်ဘုရား 'ရဟန္တာပူဇော်ပွဲ'ဆိုပြီးတော့လာကြပါပြီဘုရား. . . ဟဲ့ ဘယ်နှယ့် ဘယ်သူ့ကို ရဟန္တာပူဇော်ပွဲလုပ်တာလဲ? ဆရာတော်ဘုရားအခု ပျံလွန်တော်မူခါနီးပြီဆိုပြီးတော့ သူတို့တွေသည် ရဟန္တာ ပူဇော်ပွဲဆိုပြီးတော့ ရောက်လာကြပါပြီဘုရား. . . အိုး. . . ငါကခုမှ ဘာမှ တောင်မဟုတ်သေးဘူး၊ အဲဒါဆိုရင် ခက်တော့မှာပဲဆိုပြီး၊ အဲဒါဆိုရင် ခဏ

http://www.dhammadownload.com



လေး မင်းအပြင်ထွက်ကွာ. . ဟိုက တံခါးဝလေးပဲရှိသေးတယ်၊ လက်ဖျောက်တီးပြန်ခေါ် လိုက်ပြီ၊ ကဲ. . . မမြန်ဘူးလား?

' မြန်ပါတယ်ဘုရား '

သူ့မှာစောင့်ထိန်းထားတဲ့ သီလတွေက ဟိုး. . . ငယ်ရာကနေ ဝတ်လာခဲ့တဲ့ ကြီးတဲ့အထိကို သေးငယ်တဲ့အပြစ်ကိုတောင်မဖြစ်အောင် သတိထားပြီး စောင့်ရှောက်တော့ သီလက အင်မတန်စင်ကြယ်နေတယ်၊ အဲဒီစင်ကြယ်တဲ့ သီလလေးကို ပြန်ပြီးတော့ ဆင်ခြင်လိုက်တာ၊ တစ်ကိုယ်လုံး ကြက်သီးမွေးညင်းထလောက်အောင် ပီတိတွေဖြစ်လိုက်တာ၊ အဲဒီပီတိတရားကိုပဲ အရှုခံထားပြီးတော့မှ ကိုယ့်ရဲ့သန္တာန်ပြနေတဲ့ ရုပ်နာမ်တွေကို ဉာဏ်လှည့်လိုက်တာ ရဟန်းကိစ္စပြီးတယ်။ ဒါဖြင့်ရင် 'သီလ' အရေးမကြီးလား?

' အရေးကြီးပါတယ်ဘုရား '

အေး . . . အရေးကြီးတဲ့ 'သီလ'ကို ယနေ့ သူတော်စင်တွေက စင်ကြယ်အောင် စောင့်ရှောက်၊ အဲလိုစောင့်ရှောက်လိုက်ပြီဆိုရင် အမည်နဲ့ကော မလိုက်ဘူးလား?

' လိုက်ပါတယ်ဘုရား '

ကဲ. . . ဒီတော့ ဒီသီလတရားတွေ ဆောက်တည်လိုက်တဲ့ပုဂ္ဂိုလ် သီလတွေ စင်ကြယ်တဲ့ ပုဂ္ဂိုလ်၊ အသွင်အပြင်ကအစ ယဉ်ကျေးသိမ်မွေ့ တကယ့်ကို ကြည်ညိုစရာကောင်းတဲ့အတွက်ကြောင့်မို့လို့ မည်သူမဆိုဟာ လေးစားကြတယ်၊ ဒါသည်ပင် ကာယကံ၊ ဝစီကံအပြစ်တွေ လုံခြုံသွားတော့ တကယ်ကိုပဲ လွန်ကျူးသောင်းကျန်းမယ့်ကိလေသာ ဖြစ်သေးလား?

' မဖြစ်တော့ပါဘူးဘုရား '

ဒါက သီလနဲ့စောင့်ထိန်းထားပြီနော်. . .

' မှန်လှပါဘုရား '

http://www.dhammadownload.com



အဲဒီအချိန်အခါမှာ ကိုယ့်စိတ်ကလေးကို သတိထားပြီးတော့ အာရုံတစ်ပါးစိတ်မသွားဘဲနဲ့ စိုက်စိုက်စူးစူး နှလုံးသွင်းရမယ်၊ ဂုဏ်တော်တွေ ရွတ်ဖတ်သရဇ္ဈာယ်ရမယ်၊ ကိုယ့်ရဲ့တတ်စွမ်းသမျှ အာရုံလေးကို တည်ငြိမ်အောင် ကြိုးစားပြီးတော့ မေတ္တာတွေပွား၊ မေတ္တာတွေထားပြီးတော့ သမထကုသိုလ်တွေကိုလည်း ရအောင်ယူရမယ် ဟုတ်လား?

'မှန်လှပါဘုရား'

အဲဒီလိုဆိုရင် စိတ်မှာသောင်းကျန်းလာမယ့် "ပရိယုဋ္ဌာနကိလေသာ" မလာတော့ဘူး၊ ဒါဖြင့် "ပရိယုဋ္ဌာနကိလေသာ" ကို ဘာနဲ့နှိမ်နင်းမှာလဲ? "သမထ"၊ တစ်နည်းပြောရင် "သမာဓိ" နော်. . .

'မှန်လှပါဘုရား'

အဲဒီသမာဓိလေးနဲ့ နှိမ်နင်းမယ်ဆိုရင် ကိုယ်က အရှိန်နဲ့အသိကိုက်အောင် ကြိုးစားနေရုံပဲ။ ဒါဖြင့် တည်ငြိမ်အေးချမ်းတဲ့ တရားနာနေတဲ့ အခိုက်အတန့် တရားတွေ နှလုံးသွင်းနေတဲ့အခိုက်အတန့် မေတ္တာတွေပွားနေတဲ့အခိုက်အတန့်မှာ ကိုယ့်စိတ်မှာ မေတ္တာဓာတ်တွေ ကုသိုလ်တရားတွေ ထုံမွှမ်းထားတော့ ထကြွသောင်းကျန်းမယ့် ကိလေသာ ဝင်သေးလား?

'မဝင်တော့ပါဘူးဘုရား'

အဲ. . . ဒီလိုတရားနာကြားနေတာ၊ ရွတ်အံသရဇ္ဈာယ်နေတာ၊ ဂုဏ်တော်တွေ ရွတ်နေတာ၊ နှလုံးသွင်းနေတာ၊ တည်ငြိမ်တဲ့ အာရုံကို စိုက်စိုက်စူးစူးနေတာ 'သမထ' နော် . . .

'မှန်လှပါဘုရား'

ဒါဖြင့်. . . "ပရိယုဋ္ဌာနကိလေသာ"ကို ဒီနည်းနဲ့ နှိမ်နင်းရမယ်။ အဲဒီပုဂ္ဂိုလ်သည် ထကြွသောင်းကျန်းခြင်းတောင် မရှိရင်၊ လွန်ကျူးမှုရှိဦးမလား?

'မရှိတော့ပါဘူးဘုရား'

http://www.dhammadownload.com



ဒါဖြင့်ကိုယ်စောင့်ထိန်းတဲ့သီလသည် ပိုပိုပြီး စင်ကြယ်လာတယ်ပေါ့.

' မှန်လှပါဘုရား '

အဲဒါသည်ပင် ရှင်သန်တဲ့သီလပိုင်ရှင်နော်. . .

' မှန်လှပါဘုရား '

ကဲ. . . ဒီလိုနဲ့ ကြိုးစားပြီးတော့ ဟောဒီသမာဓိတည်သွားပြီဆိုရင် စိတ်တည်ငြိမ်တိုင်း ခန္ဓာထဲက အရှိကို ပြတ်ပြတ်သားသားမြင်လာပြီ။ မြင်လာတော့ ခန္ဓာထဲမှာ ရှိတာက ငါ၊ သူတစ်ပါး ပုဂ္ဂိုလ်သတ္တဝါ မဟုတ်ဘူးနော်

' မှန်လှပါဘုရား '

ဘာနဲ့ဘာလဲ?

' ရုပ်နဲ့ နာမ်ပါဘုရား '

ရုပ်တရားနဲ့ နာမ်တရားပဲရှိတယ်ဆိုတဲ့ အမြင်လေးပေါ်လာပြီ၊ အဲဒီကျတော့မှ ဒီရုပ်ဒီနာမ်လေးကို နှလုံးသွင်းဆင်ခြင်ပြီးတော့ ကြည့်လိုက်တော့ ရုပ်တရားကလည်း တဖွဲဖွဲ တသဲသဲ ဖြစ်လိုက် ပျက်လိုက်၊ နာမ်တရားကလည်း တဖွဲဖွဲ တသဲသဲ ဖြစ်လိုက် ပျက်လိုက်ဆိုတော့ စင်ကြယ်တဲ့ အသိဉာဏ်အောက်မှာ စောင့်ထိန်းတဲ့ သီလကုသိုလ်ဟာ အပြစ်ကင်း မကင်း . . .

' ကင်းပါတယ်ဘုရား '

စောင့်ထိန်းတဲ့ သီလသည်ပင် ရှင်သန်မှု အားကောင်းတယ်ဆိုတာရော မမှန်ဘူးလား?

' မှန်လှပါဘုရား '

ဒါကြောင့်မို့လို့ ဒီလိုပြည့်စုံတဲ့ပုဂ္ဂိုလ်သည် ဘာလို့ခေါ်. . .

' သီလရှင် လို့ ခေါ်ပါတယ်ဘုရား '

ဒါဖြင့်. . 'သီလရှင်'ဆိုတဲ့ အမည်လေးနဲ့လိုက်အောင် ကိုယ့်ရဲ့သန္တာန်မှာ 'သီလ'တွေကို ရှင်သန်ပြီးတော့မှ တိုးပွားအောင် အခုလိုသတိလေးကပ်

http://www.dhammadownload.com



ပြီးတော့မှ ကြမ်းတမ်းတဲ့ လွန်ကျူးမှုတွေနဲ့ ကာယကံ၊ ဝစီကံတွေအပြစ်ဖြစ်အောင် သောင်းကျန်းခဲ့တဲ့ "ဝီတိက္ကမကိလေသာ"တွေကို ယနေ့စောင့်ထိန်းတဲ့ 'သီလ'နဲ့ နှိမ်နင်းပါ။ ကိုယ့်စိတ်ထဲမှာ သောင်းကျန်းလာတဲ့ "ပရိယုဋ္ဌာနကိလေသာ"တွေကိုတော့ သမာဓိ၊ သမထလေးနဲ့ စိတ်ငြိမ်အောင်ကြိုးစားပါ။

ဒီကနေပြီးတော့ . . . အနုသယကိန်းတဲ့ ကိလေသာတွေကို အမြစ်မကျန် ဖြတ်တောက်ချင်ပါတယ်ဆိုရင်တော့ ယနေ့ကြိုးစားနေတဲ့ အကောင်းဆုံး "ဝိပဿနာ" မရှိဘူးလား?

' ရှိပါတယ်ဘုရား '

အဲဒါလေးနဲ့သာ ကြိုးစားဖြည့်ဆည်းလိုက်မယ်ဆိုရင်တော့ စင်ကြယ်တဲ့ သီလနဲ့ ထိုက်တန်တဲ့ နိဗ္ဗာန်ဟာ ကိုယ့်အတွက်မဖြစ်ဘူးလား?

' ဖြစ်ပါတယ်ဘုရား '

အေး . . . ဘေးကင်း ရန်ကင်းနဲ့ ကိလေသာတွေ ငြိမ်းတဲ့ နိဗ္ဗာန်ကို ယနေ့ရချင်ပါတယ်ဆိုရင် ဘာရှင်သန်မှ . . .

' သီလ, ရှင်သန် မှ ပါဘုရား '

အေး . . . ဒီသီလတရားတွေကို ကောင်းစွာ ရှင်သန်အောင် ကြိုးစားကြပါလို့ တိုက်တွန်းရင်းပဲ အချိန်လည်းစေ့ပြီဖြစ်လို့ သာဓု သုံးကြိမ်ခေါ်တော်လိုက်ကြရအောင်။

( သာဓု . . . သာဓု . . . သာဓု )[၃]

http://www.dhammadownload.com

http://www.dhammadownload.com

http://www.dhammadownload.com